# မြဝတီ

The Mirror Daily

၁၉၅၇ ခုနှစ်၊ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday, 27 January 2020 ၉၉၀၇



မြဝတီ ယနေ့ ဖတ်စရာ

အိန္ဒိယသမ္မတနိုင်ငံ (၇၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲ ကျင်းပ

စာမျက်နှာ » ၃

ပြည်သူ့ကျန်းမာရေးစွမ်းဆောင်ရည်မြှင့်တင်မှု စီမံချက်လုပ်ငန်းရလဒ်များ ရှင်းလင်းတင်ပြမှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၇

ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ လိုက်နာကာကွယ် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်

စာမျက်နှာ » ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော 2019 Novel Coronavirus (2019-nCoV) အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သိကောင်းစရာများ (၂၆-၁-၂၀၂၀)

စာမျက်နှာ » ၁၁


# မူဆယ်ခရိုင်ရှိ နယ်စပ်ဂိတ်များတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမရှိစေရန် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**မူဆယ် ဇန်နဝါရီ ၂၆**

တရုတ်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ဒေသတွင် အဆုတ်ရောင်ရောဂါ(ကိုရိုနာဗိုင်းရပ်စ်)ကူးစက်လာခြင်းမရှိစေရန်အတွက် မူဆယ်ခရိုင်အတွင်းရှိ နယ်စပ်ဂိတ်များတွင် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုယ်အပူချိန်တိုင်းတာသည့်စက် (Thermal Scan)ဖြင့် အဝင်၊ အထွက် သွားလာသူများကို စောင့်ကြည့်ခြင်းနှင့် သာမိုမီတာများဖြင့် စစ်ဆေးခြင်းတို့ကို ဇန်နဝါရီ ၂၆ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ကိုယ်အပူချိန်တိုင်းတာသည့်စက်ကို မူဆယ်မြို့ နန်းတော်ဂိတ်တွင် ဇန်နဝါရီ ၁၅ ရက်မှ စတင်တပ်ဆင်ထားပြီး မူဆယ်မြို့ ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများက နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ မူဆယ်ခရိုင် မုံးကိုးမြို့၊ ပန်ဆိုင်းမြို့နှင့် မန့်ဟီးရိုးမြို့တို့ရှိ နှစ်နိုင်ငံအဝင်၊ အထွက် နယ်စပ်ဂိတ်များတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီမှစတင်ပြီး သာမိုမီတာဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။

**ဆောင်ရွက်လျက်ရှိ**

ထို့အတူ နှစ်နိုင်ငံအဝင်၊ အထွက်ဂိတ်များဖြစ်သည့် မန့်ဝိန်းဂိတ်နှင့် ဆင်ဖြူဂိတ်တို့တွင် သာမိုမီတာဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းဂိတ်များတွင် ကိုယ်အပူချိန်တိုင်းတာသည့်စက်များ တပ်ဆင်နိုင်ရန် တင်ပြထားကြောင်း

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍



# "World Robot Games (Myanmar) 2020" ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ ဦးဆောင်မှုဖြင့် Clash of Robots Team (COR) နှင့်ပူးပေါင်းကျင်းပသော "World Robot Games (Myanmar) 2020" ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park, Conference Hall ၌ ကျင်းပသည်။

**လက်ဆင့်ကမ်း**

"World Robot Games (Myanmar) 2020" ပြိုင်ပွဲကို ကျောင်းသားကျောင်းသူများ၏ နည်းပညာတီထွင်ဆန်းသစ်မှုများ၊ ကျောင်းတွင်းအဖွဲ့အစည်း Teamwork လုပ်ဆောင်မှုများ၊ သိပ္ပံနည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာဘာသာရပ်များကို အခြေခံပြုလုပ်သော Robot ပြိုင်ပွဲများမှတစ်ဆင့် International World Robot Games 2020 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နိုင်ရန်၊ Local နည်းပညာတီထွင်ဆန်းသစ်မှုများ လက်ဆင့်ကမ်းပြန့်ပွားနိုင်ရန် ရည်ရွယ်၍ MICT Park, Conference Hall ၌ ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"World Robot Games (Myanmar) 2020" ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးယှဉ်ပြိုင်ရာ Line Tracing Robot ပြိုင်ပွဲတွင် Winner ဆုကို Auto bot အသင်း၊ 1st Runner Up ဆုကို Magic Youth အသင်းနှင့် 2nd Runner Up ဆုကို Ibot အသင်းကလည်းကောင်း၊ Rugby Robot ပြိုင်ပွဲတွင် Winner ဆုကို Team Venom အသင်းနှင့် 1st Runner Up ဆုကို Team Anubis အသင်းကလည်းကောင်း၊ On Water Robot ပြိုင်ပွဲတွင် Winner ဆုကို Robo Dream အသင်းနှင့် 1st Runner Up ဆုကို PRIME အသင်းကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ကူးစက်ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်း

ယခုကာလအတွင်း ပြည်သူများအကြား စိုးရိမ်ဖွယ်ဖြစ်နေသည့် 2019 Novel Coronavirus (2019–nCoV) အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အဆိုပါရောဂါမဖြစ်ပွားသော်လည်း မဖြစ်မီက ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ပြည်သူများ စိတ်ချလက်ချနေနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဝူဟန်မြို့၌ ဇန်နဝါရီလ ၅ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သည့် အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ ထိုနေ့တွင်ပင် မြန်မာနိုင်ငံရှိ နိုင်ငံတကာလေဆိပ်၊ ရေဆိပ်များနှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထို့နောက် လိုအပ်သည့် ရောဂါရှာဖွေစစ်ဆေးရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေပြီး ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေထားကြောင်း သိရသည်။

ရောဂါမဖြစ်ပွားရေးအတွက် တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ အလေ့အထများနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို သက်ဆိုင်ရာက အသိပေးထုတ်ပြန်ထားရာ ပြည်သူများအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် လိုပေသည်။ မူလဇာစ်မြစ်မှာ တိရစ္ဆာန်မှ ကူးစက်သည်ဖြစ်၍ တိရစ္ဆာန်များ အထူးသဖြင့် ကြက်၊ ငှက်များနှင့် နီးနီးစပ်စပ်မနေရန်လိုသည်။ အသားများကို အစိမ်းစားခြင်း၊ မကျက်တကျက်စားခြင်းကိုရှောင်ကြဉ်ရန်၊ လူစုလူဝေးကို ရှောင်ကြဉ်ရန်၊ တစ်ခုခုကိုင်တွယ်ပြီးပါက လက်ကိုဆပ်ပြာဖြင့် ဆေးကြောရန်၊ ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ရန်၊ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံစွာဖုံးအုပ်ထားရန်နှင့် ရောဂါလက္ခဏာ တစ်စုံတစ်ရာပြလျှင် ဆရာဝန်နှင့် ချက်ချင်းသွားရောက်ပြသရန် အသိပေးထားသည်။

အဆိုပါဗိုင်းရပ်စ်ပိုးမှာ တိရစ္ဆာန်များတွင် အဓိကကူးစက်လေ့ရှိပြီး လူမှလူသို့ကူးစက်သည့် အထောက်အထားအချို့ရှိသော်လည်း အတည်ပြုနိုင်ခြင်းမရှိသေးပေ။ ရောဂါပိုးသည် မျိုးစိတ်များစွာရှိကာ ဗိုင်းရပ်စ်အမျိုးအစားအပေါ်မူတည်၍ သာမန်ဖျားနာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်လေ့ရှိပြီး ရောဂါပြင်းထန်လျှင် အဆုတ်ရောင်ရောဂါ၊ ဆားစ်ရောဂါနှင့် မားစ်ရောဂါကဲ့သို့ ကျောက်ကပ်ပျက်စီးခြင်းဖြစ်ပွားနိုင်ကာ အသက်ဆုံးရှုံးမှုအထိဖြစ်နိုင်သည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထားသည်။ လတ်တလောတွင် ကာကွယ်ကုသရန်အတွက် ဆေးမရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားပြီး ရောဂါဖြစ်ပွားမှုဇာစ်မြစ်ကို ရှာဖွေလျက်ရှိသည်။

ထိုရောဂါနှင့်ဆင်တူသော ဆားစ်ရောဂါ တရုတ်နိုင်ငံတွင် ဖြစ်ပွားခဲ့ဖူးရာ ကြောင်ကတိုးများမှတစ်ဆင့် လူကိုကူးစက်ခံရခြင်းဖြစ်ပြီး အလားတူ မားစ်ရောဂါသည်လည်း ဆော်ဒီအာရေဗျ၌ ၂၀၁၂ ခုနှစ်တွင် ကုလားအုတ်မှ လူကိုကူးစက်ခဲ့သည်။ မည်သို့ကူးစက်သည်ဖြစ်စေ လူ့အသက်များကို အချိန်မီကာကွယ်ရန်အတွက် အရေးတကြီးလုပ်ဆောင်ရန် လိုအပ်လာသည်။

လောလောဆယ်တွင် တိရစ္ဆာန်များမှ ကူးစက်သည်ဟုဆိုထားသဖြင့် တိရစ္ဆာန်များအား အကာအကွယ်မပါဘဲ ထိတွေ့ကိုင်တွယ်ခြင်းကို သတိပြုရမည်ဖြစ်သည်။ လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးခြင်းနှင့် လူ၊ တိရစ္ဆာန်များ ထူထပ်သောနေရာများတွင် နှာခေါင်း၊ ပါးစပ်တို့ကို ဖုံးအုပ်၍ သွားလာနေထိုင်ကြရမည်ဖြစ်သည့်အပြင် ကျန်းမာရေးဘက်ဆိုင်ရာတို့က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုးတက်ပြောင်းလဲနေသော ခေတ်ကာလတွင် ဆန်းပြားသော ကူးစက်လွယ်သည့်ရောဂါများလည်း ပေါ်ပေါက်နေပြီဖြစ်ရာ နိုင်ငံသူနိုင်ငံသားများအနေဖြင့် မိမိကိုယ်ကိုယ် ကျန်းမာရေး၊ ရောဂါဘယမကူးစက်ရေးအတွက် သတိထားဆင်ခြင် နေထိုင်စားသောက် လုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့၏ ဦးစီးကိုယ်စားလှယ်များ စုံညီအစည်းအဝေးတက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့ (မ – မ – လ ဌာနချုပ်)၏ ပဉ္စမအကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစီးကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ City Hotel Yangon ၌ ကျင်းပသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့ဌာနချုပ် ပဉ္စမအကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစီးကိုယ်စားလှယ်များ စုံညီအစည်းအဝေးညီလာခံတွင် အမှာစကားပြောကြားစဉ်။

စုံညီအစည်းအဝေးတွင် သဘာပတိ မ – မ – လ ဌာနချုပ်ဥက္ကဋ္ဌ အလ်ဟာဂျီဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် မ – မ – လ ဌာနချုပ်နှင့် ညီနောင်ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများပြောကြားကြပြီး စုံညီအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) ဗုဒ္ဓဘာသာအဖွဲ့ အမှုဆောင်သစ်ရွေး

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) ဗုဒ္ဓဘာသာအဖွဲ့၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက် ခန်းမဆောင် (ဘီ)၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးထင်အောင်စောနှင့် ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်အုန်းကြည်တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။



ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးဆိုင်ရာငွေစာရင်းရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာတို့ကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြပြီး တက်ရောက်လာသော အမှုဆောင်အဖွဲ့ဝင်များက အကြောင်းအရာအသီးသီးကို အဆိုပြုထောက်ခံဆွေးနွေးတင်ပြကြရာ သဘာပတိနှင့် အဖွဲ့ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေး၍ အမှုဆောင်အဖွဲ့တာဝန်ပြီးဆုံးကြောင်း ကြေညာသည်။

ထို့နောက် ၂၀၂၀– ၂၀၂၁ ခုနှစ်အတွက် အမှုဆောင်အဖွဲ့သစ်ကို အများဆန္ဒဖြင့် တာဝန်ပေးရွေးချယ်တင်မြှောက်ကြရာ အဖွဲ့ဥက္ကဋ္ဌသစ်အဖြစ် ဒေါက်တာဦးအောင်မြတ်အပါအဝင် အလုပ်အမှုဆောင် ၂၅ ဦးနှင့် ဂုဏ်ထူးဆောင်နာယကကြီးများ၊ အဖွဲ့နာယကကြီးများကို ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ပြီး ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးအောင်မြတ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မမေ့။

ကြေးမုံ
စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အိန္ဒိယသမ္မတနိုင်ငံ (၇၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်း အမှတ် (၃၅) ရှိ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး နေအိမ်ဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (ယာပုံ)

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး




ထွန်းထွန်းနောင်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

(၇၁) နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံအမျိုးသားနေ့ အခမ်းအနားကို မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူး၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်ရှိ အိန္ဒိယဂေဟာ၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ မန္တလေး ခုနစ်မြို့နယ်နှင့် တောင်ကြီး၊ သာစည်၊ တမူး၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မိုးကုတ်၊ မိတ္ထီလာ၊ မြင်းခြံ၊ လားရှိုး စသည့်မြို့တို့မှ အိန္ဒိယမျိုးနွယ်စုများနှင့် မိတ်ဆွေများ၊ အိုင်တီလုပ်ငန်းနှင့် အိန္ဒိယကုမ္ပဏီများတွင် အလုပ်လုပ်နေကြသော အိန္ဒိယလူမျိုးများ၊ ကုန်သည်ကြီးများ၊ မန္တလေးမြို့မှ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ စာရေးဆရာ၊ သတင်းစာဆရာကြီးများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အဆိုအကအဖွဲ့များ၊ ဖိတ်ကြားထားသောညှော့်သည်တော်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့အခြေစိုက်အိန္ဒိယကောင်စစ်ဝန်ချုပ် Mr. Nandan Singh Bhaisora က ဦးဆောင်၍ တက်ရောက်လာသည့် ညှော့်သည်တော်များနှင့်အတူ အစီအစဉ်အတိုင်း အိန္ဒိယနိုင်ငံတော်အလံကို လွှင့်တင်ပြီး အိန္ဒိယနိုင်ငံသမ္မတ၏ မိန့်ခွန်းကိုဖတ်ကြားရာ မိန့်ခွန်းတွင် လွန်ခဲ့သော နှစ် ၇၀ က အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက် စွန့်လွှတ်အနစ်နာခံခဲ့ကြသော ခေါင်းဆောင်တို့၏



ဂုဏ်ကျေးဇူးကို အောက်မေ့သတိရသောအားဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ အိန္ဒိယပြည်သူများက နိုင်ငံ၏ လွတ်လပ်မှု၊ မျှတမှု၊ တရားဥပဒေစိုးမိုးမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသား အမျိုးသမီး သာတူညီမျှရှိမှုတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို သူတို့ကိုယ်တိုင်ဖော်ဆောင်ခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်ဖြစ်သည့် တမူး-မိုးရေးနယ်စပ်တွင် အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်ဖွင့်လှစ်ပြီးနောက် နှစ်နိုင်ငံလုံးမှ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ အားကစား၊ စီးပွားရေးကိုယ်စားလှယ်များ၊ ဆေးကုသရေး၊ ခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးသွားနှင့် ပြည်သူများ အပြန်အလှန်ကူးသန်းဆက်စပ်မှုများကို နယ်စပ်အသုံးပြုခြင်းအားဖြင့် ပိုမိုများပြားစွာလုပ်ဆောင်နိုင်ကြောင်း ပါရှိသည်။

ထို့နောက် မန္တလေးမြို့ပေါ်မှ အဆိုအကအဖွဲ့တို့က ယဉ်ကျေးမှုအကသီချင်းများ၊ ဇာတိမာန်တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ကပြဖျော်ဖြေသီဆိုသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာသည့် ညှော့်သည်တော်များအား အိန္ဒိယအစားအစာဖြင့် ဂုဏ်ပြုကျွေးမွေးညှော့်ခံကြောင်း သိရသည်။

**တင်မောင်မန်းကိုယ်ပွား**

## ဗိုလ်ချုပ်အောင်ဆန်း (၁၀၅) နှစ်ပြည့် ကလေးများနေ့ အမှတ်တရပန်းချီကားနှင့် စာအုပ်ပြပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၆**

ဗိုလ်ချုပ်အောင်ဆန်း (၁၀၅) နှစ်ပြည့် ကလေးများနေ့ အမှတ်တရ ပန်းချီကားနှင့် စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ပံသုကူခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကလေးစာပေ ရုပ်ပြကာတွန်းများ၊ ပုံပြင်များ၊ ရသဝတ္ထုစာအုပ်၊ သုတစာပေ၊ ဂျာနယ်၊ စာစောင်များ၊ အတ္ထုပ္ပတ္တိစာအုပ်များနှင့်အတူ ပန်းချီဆရာလက်ရာစုံ ပန်းချီကားငယ် ၁၅၀ ကို ပြသသွားမည်ဖြစ်ကြောင်း အရှင်ဓမ္မာနန္ဒ(စာကြည့်တိုက်ဆရာတော်)ထံမှ သိရသည်။

အရှင်ဓမ္မာနန္ဒ(စာကြည့်တိုက်ဆရာတော်) က လူငယ်များ ရသစာပေကို ဖတ်ရှုမှုအားကောင်းလာစေရန်နှင့် မြန်မာ့ရသစာပေများအကြောင်း၊ ပန်းချီအနုပညာအကြောင်းကိုလူငယ်များသိရှိစေရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း အနှစ်(၁၀၀) ပြည့်မွေးနေ့ ရာပြည့်ပွဲ၊ လပွတ္တာမြို့နှစ်(၁၀၀)ပြည့်ပွဲ ၊ဒဂုန်တာရာ ရာပြည့်အကြိုပွဲနှင့်အခြားပွဲများတွင် စာအုပ်စာစောင်ပြပွဲများကို ပြသခဲ့ပြီး ယခုအခါ လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပန်းချီအနုပညာကို ခံစားတတ်စေရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း (၁၀၅) နှစ်ပြည့် ကလေးများနေ့ အမှတ်တရပန်းချီကားနှင့် စာအုပ်ပြပွဲကို အားထားလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(ဘိုကလေးမြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၉ ၊ ၃၀ )ရက် ၊ ( ဗုဒ္ဓဟူး ၊ ကြာသပတေး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

မြို့တော်ခန်းမ ၊ အ.ထ.က(၁) ၊ ဘိုကလေးမြို့ ။

# မလှိုင်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ကျင်းပ

**မလှိုင် ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့စာပေချစ်သူများအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် ပြန်/ဆက်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည် ။

အဆိုပါနေ့က အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးသားရေးစိတ်ဓာတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် အောင်ဆန်းဇာနည်ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ဗိုလ်ချုပ်မွေးနေ့တို့မမေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် ၅၈ ဦး၊ ကဗျာပြိုင်ပွဲတွင် ၄၈ ဦး စုစုပေါင်း ၁၀၆ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ကျင်းပမည့် စာပေဟောပြောပွဲညတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ၂၀၂၀ ပြည့်နှစ် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၂၀ ပြည့်နှစ် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၃နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လသာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ယာယီမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နီပေါသံအမတ်ကြီး၊ အလှူရှင်များနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နီပေါသံအမတ်ကြီး၊ အလှူရှင်များနှင့် ဧည့်ပရိသတ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နီပေါသံအမတ်ကြီး၊ အလှူရှင်များနှင့် ဧည့်ပရိသတ်တို့က ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နီပေါသံအမတ်ကြီး၊ အလှူရှင်များက ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ နှင့် သီလရှင်ဆရာလေး အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

**သတင်းစဉ်**

# ဆံတော်ရှင်ဆူးလေစေတီတော် (၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနား ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၆**

ဆံတော်ရှင်ဆူးလေစေတီတော် (၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် အဆိုပါ စေတီတော်ရင်ပြင်ရှိ ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည့် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဆံတော်ရှင်ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးသန်းဆွေက ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဆံတော်ရှင်ဆူးလေစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအပါအဝင် ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင် သံဃာတော်အပါး ၁၈၀ နှင့် ပရိယတ္တိစာသင်တိုက်များမှ စာချစာသင်သီလရှင်အပါး ၅၀ စုစုပေါင်း အပါး၂၃၀ တို့အား ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် လသာမြို့နယ်များမှ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူလယ်သမားများကို ဂုဏ်ပြုသောအားဖြင့် ရွှေတိဂုံစေတီတော်၌ ကောက်သစ်ဆွမ်းကပ်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

တောင်သူလယ်သမားများကို ဂုဏ်ပြုသောအားဖြင့် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်-ဟိန္ဒူ -ဗုဒ္ဓဘာသာမိသားစုဝင်များ၏ ကောက်သစ်ဆွမ်းကပ်ပူဇော်ပွဲကို ရွှေတိဂုံစေတီ ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်-ဟိန္ဒူ -ဗုဒ္ဓဘာသာမိသားစုဝင်များက သံဃာတော်များအား ကောက်သစ်ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလခံယူဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော်များ ရွတ်ပွားပူဇော်သည့် ပရိတ်တရားတော်ကို နာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

"ကျွန်တော်တို့ ဒီနေ့ပြုလုပ်တဲ့အလှူက ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဆန်စပါးစိုက်ပျိုးတဲ့ တောင်သူလယ်သမားတွေက ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့ တောင်သူလယ်သမားတွေကို ကျေးဇူးဆပ်ချင်တာရယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းဦးကပ်ချင်တာရယ်ကြောင့်ဦးဦးဖျားဖျားစပါးကိုကြိတ်ခွဲချက်ပြုတ်ပြီး လှူဒါန်းတဲ့ပွဲဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်-ဟိန္ဒူ -ဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းလွင်က ပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်-ဟိန္ဒူ -ဗုဒ္ဓဘာသာမိသားစုဝင်များသည် ယနေ့တွင် ဆီမီးနံ့သာအလင်းတိုင်များ ပူဇော်ခြင်း၊ ရင်ပြင်တော်သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မုခ်လေးမုခ်ရှိ ဘုရားဖူးလာပြည်သူများအတွက် ဒံပေါက်ဘူးများဖြင့် စတုဒိသာလှူဒါန်းခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ တောင်သူလယ်သမားများ၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကို ကျေးဇူးဆပ်သည့်အနေဖြင့် ယခုကဲ့သို့သော လှူဒါန်းမှုကိုပြုလုပ်ခြင်းဖြစ်ကြောင်း၊ မြန်မာပြည်သူ ပြည်သားများနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး စားနပ်ရိက္ခာပြည့်စုံခြင်းအပါအဝင် စိတ်ချမ်းသာကိုယ်ကျန်းမာခြင်းများနှင့် ပြည့်စုံရန်ရည်ရွယ်၍ ဆန်ရေစပါး၊ သစ်သီးဝလံ၊ စားနပ်ရိက္ခာများအား ဘုရားအစရှိသော သံဃာတော်အရှင်သူမြတ်များအတွက် ဦးစွာပထမ ချက်ပြုတ်ပူဇော်သည့် ရိုးရာပွဲတော်ဖြစ်ကြောင်း သိရသည်။



**သတင်း- ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တောင်ငူ-ရန်ကုန်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇန်နဝါရီ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်- မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အဆင့်(၂)ဖြစ်သည့် တောင်ငူ - ရန်ကုန်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အုတ်တွင်းဘူတာရှိ CP.103 လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းအား အပိုင်းလိုက်ခွဲ၍ လုပ်ငန်းဆောင်ရွက်ထားမှု၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ကွန်ကရစ်ဇလီဖားနှင့် သံလမ်းများရောက်ရှိမှု၊ Welding Machine များဖြင့် သံလမ်းဆက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Railpile ရိုက်ခြင်းလုပ်ငန်း၊ မြေသားတာပေါင်များအား စက်ဖြင့်ကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် DEMU တွဲဆိုင်းများ ရောက်ရှိမည့်အခြေအနေ၊ စမ်းသပ်ပြေးဆွဲသွားမည့် အခြေအနေ၊ အချက်ပြဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကန်ထရိုက်များနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားအမှတ် ၂၀၅ ဖြူးချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားလုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဖြူးဘူတာသစ်တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အမီပြီးစီးရေး ကြိုးစားဆောင်ရွက်ပေးကြရန်၊ ရေလုံလောက်စွာ ရရှိစေရေး၊ သန့်စင်ခန်းနှင့် မိလ္လာကန်များအား စနစ်တကျတည်ဆောက်သွားကြရန်၊ ဘူတာတည်ဆောက်နေစဉ် ကာလအတွင်း ခရီးသွားပြည်သူများ သက်သောင့်သက်သာနေနိုင်ရန်နှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**ဖြည့်ဆည်းမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြွန်တန်ဆာရှိ CP . 102 ပဲခူး-ညောင်လေးပင်လမ်းပိုင်း လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ရထားလမ်းတစ်လျှောက် ကျောက်များဖယ်ရှားခြင်းနှင့် မြေသားလုပ်ငန်းဆောင်ရွက်ထားမှု၊ တံတားတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ မြေထိန်းနံရံများ ပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြွန်တန်ဆာဘူတာနှင့် ဒိုက်ဦးဘူတာအကြား တံတားအမှတ် ၁၁၅ ဘိုင်တားချောင်းတံတားတည်ဆောက်နေမှု၊ ဒိုက်ဦးဘူတာနှင့် အိမ်ခြေလေးဆယ်ဘူတာအကြား တံတားအမှတ် ၁၁၁ ကောလိယချောင်းတံတားတည်ဆောက်နေမှု၊ လမ်းတစ်လျှောက်လမ်းပိုင်းများနှင့် တံတားများပြုပြင်တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ထုံးကြီးဘူတာရှိ CP.101 ၌ သံလမ်းဆက်များပြုလုပ်ထားရှိမှုနှင့် အဆက်များကြံ့ခိုင်မှုကို စက်ဖြင့် စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မည့် သံလမ်းများအား ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# သမဝါယမတက္ကသိုလ် (သန်လျင်) သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

သမဝါယမတက္ကသိုလ်(သန်လျင်)၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။




**အပ်နှင်းချီးမြှင့်**

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ ၁၈ ဦး၊ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ သုံးဦး၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ ၁၉ ဦး၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာမဟာဘွဲ့ လေးဦး၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ တစ်ဦး၊ စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာဘွဲ့လွန်ဒီပလိုမာ တစ်ဦး၊ အသုံးချစာရင်းအင်းပညာဘွဲ့လွန်ဒီပလိုမာ သုံးဦး၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ပညာဘွဲ့လွန်ဒီပလိုမာ တစ်ဦး၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုပညာဘွဲ့လွန်ဒီပလိုမာ နှစ်ဦး၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာဘွဲ့လွန်ဒီပလိုမာ တစ်ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ) ၁၂၂ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်းအင်းပညာ) ၉၄ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ) ၁၂၅ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) ၁၁၂ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ) ၆၈ ဦးနှင့် စီးပွားရေးသိပ္ပံဘွဲ့ ၁၂ ဦး စုစုပေါင်း ၅၈၆ ဦးတို့ကို ဘွဲ့အပ်နှင်းချီးမြှင့်ခဲ့သည်။

**လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေး**

ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားရာတွင် သမဝါယမတက္ကသိုလ်(သန်လျင်)အနေဖြင့် "အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်အခြေခံရှိပြီး အရည်အချင်းပြည့်ဝသော လူမှုစီးပွားရေးပညာတတ်၊ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် လူမှုအဖွဲ့အစည်းအထောက်အကူပြုတက္ကသိုလ်ဖြစ်လာစေရန်" ဆိုသည့် ရည်မှန်းချက်ထားရှိဆောင်ရွက်ကာ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုမည့် လူမှုစီးပွားရေးပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်အနေဖြင့် ကျောင်းသား ကျောင်းသူများအပြင် ဒေသခံများအထိပါ လေ့လာသင်ယူနိုင်သော လူမှုဆန်းသစ်တီထွင်မှုအထောက်အကူပြုယူနစ် (Social Innovation Support Unit) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မြင့်တက္ကသိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ကာ သုတေသနနှင့် ဆန်းသစ်တီထွင်မှု(Research and Innovation) များကို ပိုမိုဆောင်ရွက်လျက်ရှိကြောင်း၊ "ယနေ့သမဝါယမလူငယ်များသည် အနာဂတ်ဝယ်ခေါင်းဆောင်ကောင်းများဖြစ်ရမည်" "Youth Cooperators today, Leaders in future"ဆိုတဲ့ ဆောင်ပုဒ်အတိုင်း သမဝါယမလူငယ်များအနေဖြင့် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ နိုင်ငံတော်ကိုလက်တွေ့အကျိုးပြုကြရန်လိုကြောင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး ယှဉ်ပြိုင်နိုင်သည့် တီထွင်လုပ်ငန်းရှင်ကြီးများဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း၊ အမိတက္ကသိုလ်ကြီး၏ ဂုဏ်သိက္ခာနှင့် အစဉ်လာကောင်းများကို အစဉ်အမြဲထိန်းသိမ်းဆောင်ရွက်ရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် ကျရာအခန်းကဏ္ဍမှ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ရန်၊ လူမှုစီးပွားရေးစနစ်ကို အခြေခံသည့် သမဝါယမသဘောတရား၊ မူဝါဒ၊ အနှစ်သာရနှင့် ကျင့်ဝတ်များကို လေးလေးစားစားတန်ဖိုးထားပြီး လိုက်နာကျင့်သုံးဆောင်ရွက်ရန်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး မိမိတတ်ကျွမ်းသောပညာဖြင့် လုပ်ငန်းနယ်ပယ်အသီးသီးမှ ကျရာတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့၌ တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်



**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးသမားတော်များနှင့် ကျောက်ပန်းတောင်းမြို့နယ် တိုင်းရင်းဆေးသမားတော်များအဖွဲ့ ပူးပေါင်း၍ ဇီဝိတဒါနကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက ပြည်တော်သာရပ်ကွက် ဆွေသဟာလူမှုကူညီရေးအသင်းရုံး၌ ဆောင်ရွက်ခဲ့သည်။

**အခမဲ့ဆောင်ရွက်ပေး**

အဆိုပါ တိုင်းရင်းဆေးဖြင့် ဇီဝိတဒါန ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာများ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး ဦးစန်းလွင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ကြူကြူတို့ ဦးဆောင်သည့် တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခနှင့် ဌာနမှူးများ၊ ကျောင်းသားများ စုစုပေါင်း ၃၁ ဦးတို့သည် ညောင်ဦးခရိုင် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသူရဆွေနှင့် ကျောက်ပန်းတောင်းမြို့နယ် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်လှိုင်တို့ ဦးဆောင်သည့် ဆွေသဟာလူမှုကူညီရေးအသင်းဝင်များနှင့် ပူးပေါင်း၍ ကျောက်ပန်းတောင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၊ မြို့နှင့်အနီးဝန်းကျင်ဖြစ်သည့် ညောင်ဦး၊ ရေနံချောင်း၊ ချောက်၊ ပခုက္ကူအစရှိသည့် ဒေသများမှ လာရောက်ကုသမှုခံယူကြသည့် လူနာများကို အရိုး/အကြော၊ လေးဖက်နာနှင့် အထွေထွေစသည့် ရောဂါအလိုက် ဆေးစည်းခြင်း၊ ဆေးလိမ်းခြင်း၊ အကြောပြင်ခြင်းများနှင့် အပ်စိုက်ကုသခြင်းများကို ဇီဝိတဒါန အခမဲ့ဆောင်ရွက်ပေးကြသည်။

**ကုသမှုခံယူ**

အဆိုပါ တိုင်းရင်းဆေးသမားတော်များအဖွဲ့၏ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုသို့ လူနာပေါင်း ၄၅၀ ခန့် လာရောက်ကုသမှုခံယူခဲ့ပြီး သောက်ဆေး၊ လိမ်းဆေးများကိုလည်း အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# သုတေသန၊ ရလဒ်၊ အဓိပ္ပာယ်ကောက်ယူမှုနှင့် အကျိုးသက်ရောက်မှု

ဒေါက်တာသန်းအောင်စိုး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

သုတေသနလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ R & D (Research and Development) ဆိုသည့် စကားလုံးနှစ်လုံးက ကုမ္ပဏီတိုးတက်မှု၊ လုပ်ငန်းတိုးတက်မှု၊ ဌာနတိုးတက်မှု၊ နိုင်ငံတော်တိုးတက်မှုအထိ အရေးပါသောကဏ္ဍမှ ပါဝင်နေသည်။ ထွက်နှုန်းကောင်း၍ ရောဂါဒဏ်ခံနိုင်သည့် အပင်မျိုးများ၊ တိရစ္ဆာန်မျိုးများ၊ ရောဂါကုသနည်းများ၊ ကာကွယ်ဆေးများ၊ စက်ပစ္စည်းအသစ်အဆန်းများ စသည့် လူသားတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုများသည် သုတေသနရလဒ်များကို မှန်ကန်စွာအဓိပ္ပာယ်ကောက်ယူမှုနှင့် ကောင်းမွန်သော အကျိုးသက်ရောက်မှုများပင် ဖြစ်ပါသည်။ တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများ၊ ဌာနများတွင်လည်း သုတေသနဆောင်ရွက်မှုများကို အားပေးလာကြသည်။ အဆိုပါ သုတေသန၏ ရလဒ်များကိုအခြေပြု၍ ကောက်ချက်ချ အဖြေဆွဲထုတ်ကာ ပြုပြင်သင့်သည်များ၊ လုပ်ဆောင်သင့်သည်များ၊ အသစ်ဆောင်ရွက်ရန်ကိစ္စရပ်များကို အကျိုးရှိအောင် ဖန်တီးပြုပြင်လုပ်ဆောင်ကြရသည်။

**စီးပွားရေးစာရင်းအင်းပညာအရ သတ်မှတ်ထား**

မည်သည့်သုတေသနမဆို လေ့လာသောနယ်ပယ်၊ အဝန်းအဝိုင်း၊ အကန့်အသတ်ရှိသည်။ အဆိုပါ အဝန်းအဝိုင်း၊ အကန့်အသတ်အတွက် ကိုယ်စားပြုရန် ကောက်ယူသော သို့မဟုတ် ရွေးချယ်သောနမူနာပစ္စည်း အရေအတွက်ကိုလည်း စီးပွားရေးစာရင်းအင်းပညာ (Statistics)အရ သတ်မှတ်ထားသည်။ ကိုယ်လိုချင်သော အရေအတွက်၊ ကိုယ်လိုချင်သောနေရာလေးကိုသာ ကွက်ယူ၍မရ။ နမူနာပစ္စည်းယူနည်းစနစ် (Sampling Method)ဖြင့် သတ်မှတ်ထားသည်။ ကြုံရာကျပန်းကောက်ယူမည်လား (Randan Method)၊ နှစ်ခုကျော်၊ သုံးခုကျော်စီကောက်ယူမည်လား စသည်ဖြင့် သုတေသနပြုလုပ်လိုသောသတ်မှတ်ဘောင်ကို ကိုယ်စားပြုရန် ချမှတ်ထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါသုတေသနမှ ထွက်ရှိလာသော ရလဒ်အဖြေသည် သုတေသနအဝန်းအဝိုင်း၊ ဘောင်၊ အကန့်အသတ်အတွက် မှန်ပါသည်။ သို့သော် လုပ်ငန်းတစ်ခုလုံး၊ ဌာနတစ်ခုလုံး၊ နယ်ပယ်တစ်ခုလုံး၊ နိုင်ငံတစ်နိုင်ငံလုံးအတွက် ကိုယ်စားမပြုနိုင်ပါဆိုသည်ကို အားလုံးသိရှိလက်ခံရမည်ဖြစ်ပါသည်။

တစ်နေရာ၊ တစ်ဒေသ၊ အခြေအနေတစ်ခုအတွက် ရရှိသောရလဒ်ကို နေရာအားလုံး၊ ဒေသအားလုံး၊ အခြေအနေအားလုံးအတွက်ဖြစ်သည်ဟု လွဲမှားစွာအဓိပ္ပာယ်ကောက်ယူပါက အကျိုးရလဒ်ကောင်းမရနိုင်သည့်အပြင် ဆန့်ကျင်ဘက်ဆိုးကျိုးများကိုပါ ခံစားရနိုင်မည်ဖြစ်ပါသည်။

**လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူ**

ခွေးရူးရောဂါဖြစ်ပွားမှုစစ်တမ်းတွင် ဖြစ်ပွားခဲ့မှုများကိုလည်း ပြန်လည်တင်ပြလိုပါသည်။ ခွေးရူးရောဂါစစ်ဆေးမှုရလဒ်အပေါ်မူတည်၍ ပြည်သူများအထိတ်တလန့်ဖြစ်ဖူးသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွေးရူးရောဂါစစ်ဆေးမှုရလဒ်တွင် လာရောက်စစ်ဆေးသော ခွေးကောင်ရေပမာဏ၏ တစ်ဝက်ကျော်၌ ခွေးရူးရောဂါပိုးတွေ့နေသည်။ လာရောက်စစ်ဆေးသည်ဆိုကတည်းက သံသယရှိသောခွေး (ဦးနှောက်)ကိုသာ စစ်ဆေးကြခြင်းဖြစ်ပြီး ခွေးရူးသံသယမရှိဘဲသေဆုံးခြင်း၊ ကားတိုက်သေဆုံးခြင်း စသောကိစ္စရပ်များအတွက် မည်သူမျှအခကြေးငွေပေးပြီး ခွေးရူးရောဂါ ရှိ၊ မရှိကို စစ်ဆေးမည်မဟုတ်ပါ။ သို့သော်လည်း အထက်ပါရလဒ်ကို ခွေးအားလုံးအပေါ်သို့ ဆွဲယူလိုက်သောအခါ "ရန်ကုန်ရှိခွေးများ၏ တစ်ဝက်ကျော်သည် ခွေးရူးရောဂါပိုးရှိနေပြီး မြန်မာနိုင်ငံ၏ခွေးများတွင် ၅၀ ရာခိုင်နှုန်းကျော်အထိ ခွေးရူးရောဂါပိုးရှိနိုင်သည်" ဟု လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူလိုက်သောအခါ နိုင်ငံ၏ ခရီးသွားလုပ်ငန်းပါ ထိခိုက်ရလေသည်။

> **သုတေသနများသည် နိုင်ငံတော်အတွက် အလွန်လိုအပ်ပါသည်။ သို့သော် သုတေသနမှထွက်ရှိလာသော အဖြေရလဒ်သည် သုတေသန အဝန်းအဝိုင်း၊ ဘောင်၊ အကန့်အသတ်အတွက် မှန်သော်လည်း အဓိပ္ပာယ်ကောက်ယူမှုယူဆချက်များ မလွဲမှားအောင်၊ မှန်ကန်သော အကျိုးသက်ရောက်မှုသို့ ဦးတည်အောင် ဖော်ဆောင်နိုင်ပါက ပိုမို ကောင်းမွန်မည်ဖြစ်**

**လူမှုကွန်ရက်တွင် ဖတ်မိ**

ယခုလည်း "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်များရှိဈေးများတွင် ဗမာကြက်နှင့် အသားတိုးကြက်သားအစိမ်းများတွင် ဆဲလ်မိုနဲလား (Salmonella) ပိုး တွေ့ရသည်။ ထိုပိုးများမှာ ပဋိဇီဝပိုးသတ်ဆေးယဉ်ပါးနေကြောင်း မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင်တင်သွင်းသော စာတမ်းတစ်စောင်မှသိရ"ဟု လူမှုကွန်ရက်တွင် ဖတ်မိလိုက်ပါသည်။ ကြက်သားကို ကျက်အောင်ချက်စားပါက အဆိုပါပိုးသေကြောင်းလည်း ဖော်ပြထားပါသည်။

ကြက်သားမှာ ပိုးတွေ့တယ်ဆိုပြီး အလွန်အမင်း အကြောက်လွန်သူများအတွက် ကြက်မွေးမြူရေးလုပ်ငန်းများ ထိခိုက်မည်စိုးရိမ်သောကြောင့် ပြည်သူများကို တင်ပြချင်ပါသည်။

ကြက်သားများကို ကျက်အောင်ချက်စားပါက မည်သည့်ရောဂါမျှ မဖြစ်နိုင်ပါ။

**အသေးစိတ်သတ်မှတ်ချက်များထားရှိ**

ပိုးလုံးဝကင်းစင်သည့်အရာမှာ ထိုးဆေးများ၊ သောက်ဆေးများ စသည့်ဆေးဝါးများဖြစ်ပါသည်။ အစားအသောက်တွင် ပိုးများရှိနိုင်သည်။ ချက်ပြုတ်ထားသော အစားအသောက်ထက် အသားစိမ်း (Raw Meat) များတွင် ပိုးပိုမိုပါဝင်နိုင်သည်။ အချို့အစားအသောက်နှင့် သောက်ရေသန့်များတွင် မည်သည့်ပိုး လုံးဝမပါဝင်ရ၊ မည်သည့်ပိုးများက မည်မျှအထိသာပါဝင်ခွင့်ပြုသည်ဟု အသေးစိတ်သတ်မှတ်ချက်များ (Specifications) ထားရှိသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကြက်သားအထုပ် ၁၀၀လျှင် နမူနာ ၆၃ ခုနှုန်းဖြင့် စစ်ဆေးရာ ၁၆ ရာခိုင်နှုန်း ဆဲလ်မိုနဲလားပိုး တွေ့ရှိခဲ့ရသည်။

ဆဲလ်မိုနဲလားပိုးတွင် တိုက်ဖွိုက် မျိုးစိတ်သာမဟုတ်၊ အခြားမျိုးစိတ်များလည်းရှိသေးသည်။ ဆဲလ်မိုနဲလား ပူလိုရမ် (Salmonella pullorum) ဆိုလျှင် ကြက်များတွင် ကြက်ချေးဖြူကပ်ရောဂါ ဖြစ်စေသည်။

မြန်မာနိုင်ငံတွင် ခေတ်မီကြက်သားထုတ်လုပ်ရေးရုံ ရွာသာကြီး၌ ရှိခဲ့ဖူးသည်။ ရောဂါပိုးအများစုမှာ ဝမ်းတွင်းကလီစာ၊ အူလမ်းကြောင်းတစ်လျှောက်နှင့် ဥပြွန်၊ မျိုးပွားလမ်းကြောင်းများတွင် ရှိတတ်သည်။ ကြက်ကိုအမွေးနုတ်၊ ရင်ခွဲကလီစာထုတ်၊ တစ်ကောင်ခုတ်ပြီးလျှင် မည်သည့်ဈေးသည်မျှ ဓား၊ စဉ်းတီတုံး၊ လက်တို့ကို မဆေးကြောပါ။ ရောဂါရှိသောကြက်တစ်ကောင်ကို ကိုင်တွယ်ခုတ်ထစ်ပြီး နောက်အကောင်တွေကို ကိုင်တွယ်ခုတ်ထစ်လျှင် ထိုအသားများ၌ ရောဂါပိုးများ ထိတွေ့ပြန့်ပွားသွားနိုင်ပါသည်။ ထို့ကြောင့် ကောင်းမွန်သောကိုင်တွယ်မှုကျင့်စဉ် (Good Handling Practices-GHP) လည်း လိုပါမည်။ ကိုင်တွယ်ခုတ်ထစ်မှုများကြောင့် ရောဂါမရှိသော ကြက်တွင် ရောဂါပိုးတွေ့နေခြင်းလည်း ဖြစ်သွားနိုင်ပါသည်။

**ကျန်းမာရေးဗဟုသုတလည်းလိုမည်**

ကျန်းမာရေးအတွက် သုတေသနတွေ့ရှိချက်များကို ကြိုဆိုပါသည်။ သို့သော် မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ် ဧရိယာသုံးခုအတွက် နမူနာဗမာကြက် ၂၈ ကောင်နှင့် အသားတိုးကြက် ၂၈ ကောင်သည် ကိုယ်စားပြုနိုင်သောပမာဏရှိ၊ မရှိကိုလည်း ဆန်းစစ်နိုင်သည်။ ထို့ကြောင့် အကြောက်လွန်ဖို့ မလိုသကဲ့သို့ ကျန်းမာရေးဗဟုသုတလည်းလိုမည်ဖြစ်သည်။

ဆဲလ်မိုနဲလားပိုး၏ ပဋိဇီဝဆေးယဉ်ပါးမှု (Antimicrobial Resistant) များကိုလည်း ဂရုစိုက်ရမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့တွင်လည်း တွေ့ရှိရသည်။ ကိုင်တွယ် ရောင်းချသူများကိုပါ လက်တို့ဖတ် (Hand Swab)၊ နှာခေါင်းတို့ဖတ် (Nasal Swab)၊ မစင် ( Stool Test) စသည့် စစ်ဆေးရန်လိုအပ်သော နမူနာပစ္စည်းတို့ကို ဓာတ်ခွဲခန်းတွင် C & S (Culture and Sensitivity Test) (ပိုးမွေးဆေးစစ်) စစ်ဆေးမှုများပြုလုပ်ပေးနိုင်ပါက ကြက်ကြောင့်လား၊ ကိုင်တွယ်သူကြောင့်လား ဆိုသည်ကိုပါ ပိုမိုသိရှိခွင့်ရမည်ဖြစ်သည်။

**သတိပြုမိကြရန်လို**

မွေးမြူရေးလုပ်ငန်းများအနေဖြင့်လည်း (Good Animal Husbandry Practices – GAHP) ကောင်းမွန်သောမွေးမြူထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ မွေးမြူရန်နှင့် အသားထုတ်လုပ်ရေးရုံများ (Slaughter House) စနစ်တကျရှိရေးမှာလည်း ပြည်သူလူထုကျန်းမာရေးအတွက် မည်မျှအရေးကြီးကြောင်း သတိပြုမိကြရန်လိုသည်။

သုတေသနများသည် နိုင်ငံတော်အတွက် အလွန်လိုအပ်ပါသည်။ သို့သော် သုတေသနမှထွက်ရှိလာသော အဖြေရလဒ်သည် သုတေသနအဝန်းအဝိုင်း၊ ဘောင်၊ အကန့်အသတ်အတွက်မှန်သော်လည်း အဓိပ္ပာယ်ကောက်ယူမှုယူဆချက်များ မလွဲမှားအောင်၊ မှန်ကန်သော အကျိုးသက်ရောက်မှုသို့ ဦးတည်အောင် ဖော်ဆောင်နိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။ ။

## ကုန်သေတ္တာတင်မော်တော်ယာဉ်များ နေ့ပိုင်းတွင် ဘုရင့်နောင်လမ်းမကြီးအား မောင်းနှင်ခွင့်ရရှိရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းဆို

**ရန်ကုန် ဇန်နဝါရီ ၂၆**

ကုန်စည်စီးဆင်းမှု များပြားသောကာလ၌ ကုန်သေတ္တာတင် မော်တော်ယာဉ်များအား အရှေ့ဘက်လမ်းဖြစ်သည့် သာကေတ ရှုခင်းသာပတ်လမ်း၊ ရတနာလမ်းကဲ့သို့ အနောက်ဘက်လမ်းဖြစ်သည့် ဘုရင့်နောင်လမ်းမကြီးကိုလည်း နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ မောင်းနှင်ခွင့်ရရှိရန် မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းဆိုထားကြောင်း အဆိုပါအသင်းမှ သိရသည်။

"နိုဝင်ဘာလကနေ မေလအထိ ကုန်စည်စီးဆင်းမှုအများဆုံးကာလ ဖြစ်ပါတယ်။ နေ့လယ်ပိုင်းမှာဆိုရင် အရှေ့ဘက်လမ်းဖြစ်တဲ့ သာကေတ ရှုခင်းသာပတ်လမ်း၊ ရတနာလမ်းကနေတစ်ဆင့် တောင်ဒဂုံ၊ မြောက်ဒဂုံစက်မှုဇုန်၊ သီလဝါအထိ နံနက် ၁၁ နာရီကနေ ညနေ ၃ နာရီအတွင်းမှာ သွားခွင့်ရပါတယ်။ အဲဒီအတွက် အရှေ့ဘက်လမ်းကတော့ အဆင်ပြေပါတယ်။ အနောက်ဘက်လမ်းဖြစ်တဲ့ ဘုရင့်နောင်လမ်းကို အသုံးပြုပြီးတော့ ရွှေပြည်သာ၊ လှိုင်သာယာ စက်မှုဇုန်တွေကို ထွက်တဲ့အချိန်မှာတော့ နေ့လယ်ဘက် ကန့်သတ်ချက်နဲ့ သွားခွင့်မရသေးပါဘူး" ဟု မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ ဒုတိယဥက္ကဋ္ဌ(၂) ဦးကျော်မင်းက ပြောသည်။

လက်ရှိတွင် ကုန်သေတ္တာတင် မော်တော်ယာဉ်များ မောင်းနှင်ချိန်ကို ည ၈ နာရီမှ နံနက် ၆ နာရီအထိ အကန့်အသတ်မရှိ မောင်းနှင်ခွင့်ပြုထားကြောင်း၊ နေ့လယ်ပိုင်းမောင်းနှင်ခွင့်ကို အရှေ့ဘက်လမ်းဖြစ်သည့် သာကေတရှုခင်းသာပတ်လမ်း၊ ရတနာလမ်းအား နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ မောင်းနှင်ခွင့်ပြုထားပြီး အနောက်ဘက်လမ်းဖြစ်သည့် ဘုရင့်နောင်လမ်းမကြီးအား အရှေ့ဘက်လမ်းကဲ့သို့ သတ်မှတ်မောင်းနှင်ချိန် ခွင့်မပြုထားသော်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်ပူးပေါင်းကာ အရေးကြီးပို့ကုန်များအား ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းမှ သိရသည်။

"လောလောဆယ်မှာ အင်းစိန်ဘက်က နေပြီးတော့ ထီးတန်းဘက်ကို ဝင်မယ့်အချိန်ကို နေ့လယ် ၁၁ နာရီမှာ အသင်းက ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တွေနဲ့ပူးပေါင်းပြီးတော့ တစ်ခေါက်ဆွဲသွင်းပေးပါတယ်။ ထီးတန်းဘက်ကနေ အင်းစိန်ဘက်ကို သွားမယ့်လမ်းကြောင်းကိုလည်း မွန်းလွဲ ၁ နာရီမှာ တစ်ကြောင်း သွားခွင့်ပေးပါတယ်။ အဲဒီလိုသွားနေတဲ့အချိန်မှာ ကားတွေရဲ့သွားလာမှုဟာ အဆင်မပြေပါဘူး။ ကားတွေက ညမှပြန်လာတော့ ဆိပ်ကမ်းက ထွက်မယ့်ကားနဲ့၊ လာမယ့်ကားတွေနဲ့ ကြည့်မြင်တိုင်ဘက်လမ်းတွေမှာဆို ယာဉ်ကြောကျပ်တည်းမှုတွေ ဖြစ်တယ်။ ပြည်သူတွေလည်း စိတ်အနှောင့်အယှက် ဖြစ်ပါတယ်။ ကားတွေဟာ ညပိုင်းရတဲ့အချိန်လေးမှာ အလောတကြီးသွားတဲ့အတွက်ကြောင့် ယာဉ်မတော်တဆတိုက်ခိုက်မှု ဆိုးကျိုးတွေလည်းရှိပါတယ်။ အဲဒါကြောင့် နေ့လယ်ပိုင်းမှာ အရှေ့ဘက်လမ်းလိုပဲ အနောက်ဘက် ဘုရင့်နောင်လမ်းကိုလည်း နံနက် ၁၁ နာရီကနေ ညနေ ၃ နာရီအတွင်း သွားခွင့်ရဖို့အတွက် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ရှိပါတယ်။ ဒီကိစ္စကိုလည်း တိုင်းဒေသကြီးအစိုးရကနေပြီးတော့ ကျောင်းချိန်၊ ရုံးချိန်တွေနဲ့လွတ်ကင်းပြီး အများပြည်သူယာဉ်ကြောကျပ်တည်းမှုမရှိအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ဇန်နဝါရီ ၂၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် Sky Star ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ သတ္တမအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး၌ မီဒီယာများနှင့်တွေ့ဆုံရာတွင် ၎င်းက အထက်ပါအကြောင်းအရာအား ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–အေးမင်းသူ**




၂၀၁၈ ခုနှစ် ဧပြီလ ၂၉ ရက်က ရန်ကုန်မြို့ အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိ အေးရှားဝေါ ဆိပ်ကမ်း၌ ကျင်းပသည့် ကုန်သေတ္တာခြောက်လုံးဆင့်တင်နိုင်သည့် စက်ကိရိယာသစ်များ စတင်အသုံးပြုနေစဉ်။

# ပြည်သူ့ကျန်းမာရေးစွမ်းဆောင်ရည်မြှင့်တင်မှု စီမံချက်လုပ်ငန်းရလဒ်များ ရှင်းလင်းတင်ပြမှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (မြန်မာ) (HelpAge International Myanmar)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပြည်သူ့ကျန်းမာရေးစွမ်းဆောင်ရည်မြှင့်တင်မှုစီမံချက်လုပ်ငန်းရလဒ်များ ရှင်းလင်းတင်ပြမှု အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။



**ပိုမိုတိုးတက်ကောင်းမွန်စေမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ကောင်းမွန်တိုးတက်ခြင်းဖြင့် ပြည်သူများတွင် ရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာကာ နိုင်ငံတော်၏ကျန်းမာရေးအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကူးစက်ရောဂါများသာမက ဖြစ်ပွားမှုများပြားသည့် မကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးနှိမ်နင်းမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု စီမံချက်လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ပြည်သူ့ကျန်းမာရေးပညာရှင်များ၏ အရည်အသွေးကို ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါကြောင်း။

မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယခုအခါ အလေးထားဆောင်ရွက်ခြင်း မပြုပါက နောင် ငါးနှစ်တာကာလအတွင်း၌ပင် ပြည်သူ့ကျန်းမာရေးပြဿနာကြီးအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းဖြင့် ပြည်သူများအကြား ရောဂါဖြစ်ပွားမှုများ ကျဆင်းလာကာ ဆေးရုံ၊ ဆေးခန်းများတွင် လူနာများလည်း လျော့နည်းလာမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့်လည်း ထိုသို့နည်းပါးလာသော လူနာများကို အရည်အသွေးပိုမိုပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ကျန်းမာရေးအသုံးစရိတ်များကိုလည်း ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုအသုံးချသွားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်နှင့် Thammasat University တို့အကြား ဆရာ ဆရာမများ အပြန်အလှန်ဖလှယ်သွားလာ၍ လေ့လာသင်ယူခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းသည် တက္ကသိုလ်များ၏ သင်ကြားသင်ယူမှုပုံစံများကို အပြန်အလှန်လေ့လာနိုင်ခြင်းနှင့် ဆရာ ဆရာမများ၏ အရည်အသွေးများ ပိုမိုမြင့်မားလာခြင်းအကျိုးကျေးဇူးများရရှိသည်ဖြစ်သဖြင့် ကောင်းမွန်ပါကြောင်း၊ ဆရာ ဆရာမများ၏ အရည်အသွေးများ ပိုမိုမြင့်မားလာခြင်းဖြင့် ၎င်းတို့သင်ကြားပေးမည့် သင်ယူသူများ၏ အရည်အသွေးလည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း။

**ကျေးဇူးတင်**

ထို့အပြင် စီမံချက်ပါလုပ်ငန်းများဖြစ်သည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ရေရှည်ဘက်စုံဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း၊ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲခြင်း၊ နာတာရှည်အဆုတ်ရောဂါ၊ စိတ်ကျန်းမာရေးနှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်းနှင့် ကုသခြင်းစသည့် ကဏ္ဍများအပါအဝင် မူဝါဒရေးရာအကြံပြုချက် (၁၀) ချက်ကို ရေးဆွဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ဝန်ကြီးဌာနတက္ကသိုလ်များမှ ဆရာ ဆရာမ ၁၀၀ ခန့်ကို နိုင်ငံတကာပညာရပ် နှီးနှောဖလှယ်ပွဲများ တက်ရောက်စေခြင်းစသည့် လုပ်ငန်းများသည် ကောင်းမွန်ပါကြောင်း၊ ထိုသို့စီမံချက်လုပ်ငန်းများဖြင့် တက္ကသိုလ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆရာ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ၊ သင်ရိုးညွှန်းတမ်းများ ဆန်းစစ်မွမ်းမံခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ တက္ကသိုလ်များအကြား ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ စသည်တို့ကို ဆောင်ရွက်ခဲ့ခြင်းသည် ပြည်သူ့ကျန်းမာရေးကဏ္ဍအတွက် ရေရှည်တိုးတက်ဖွံ့ဖြိုးမှုများရရှိစေမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပံ့ပိုးခဲ့သည့် European Union နှင့် HelpAge International အဖွဲ့တို့ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပြောကြား**

ထို့နောက် European Union Ambassador Mr. Kristian Schmidt က အဖွင့်အမှာစကားပြောကြားခဲ့ပြီး HelpAge International Asia Pacific Regional Office မှ Regional Director Mr. Eduardo Klien က စီမံချက်လုပ်ငန်းဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို ပြောကြားသည်။

ထို့နောက် HelpAge International Myanmar မှ Country Director Mr. Godfred Paul က စီမံချက်လုပ်ငန်းများ အောင်မြင်စေရန် ပံ့ပိုးဆောင်ရွက်ခဲ့သည့် European Union Ambassador Mr. Kristian Schmidt၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)နှင့် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) တို့တွင် စီမံချက်ပါလုပ်ငန်းများဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခမ်းအနားအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် European Union နှင့် HelpAge International တို့က ပံ့ပိုးပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)တွင် ဖွင့်လှစ်ဆောင်ရွက်မည့် Center for Implementation Science ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

# မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀) ပိတ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀) ပိတ်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**ရည်ရွယ်ကျင်းပခြင်းဖြစ်**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (အလုပ်သမားရေးရာဆိုင်ရာ) အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀)သည် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် Automobile Technology၊ Refrigeration and Air-Condition၊ Electrical Installation၊ Restaurant Service၊ Cooking အလုပ်အကိုင်များအတွက် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် အရည်အသွေးရှိသည့် ထူးချွန်လူငယ်များအား စခန်းသွင်းလေ့ကျင့်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည့်အတွက် အလုပ်အကိုင်အလိုက် ပထမနှင့် ဒုတိယဆုရရှိသူများ ရွေးချယ်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကြမည့် လူငယ်များအား ဒေသတွင်းနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များ ရရှိစေရေး သက်ဆိုင်ရာအလုပ်အကိုင်အလိုက် ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ယနေ့ခေတ်တွင် "ကျွမ်းကျင်လုပ်သား"ဆိုသည့် စကားရပ်ကို ဒေသတွင်းဖြစ်စေ၊ ကမ္ဘာတွင်ပါ အလေးထားပြောဆိုလာကြပြီး နိုင်ငံတိုင်းတွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်သည် စဉ်ဆက်မပြတ်လျှောက်လှမ်းရမည့် ခရီးရှည်ကြီးဖြစ်သည့်အတွက် လုပ်ငန်းစဉ်တွင်ပါဝင်ကြသည့် Stakeholder များအားလုံး စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်မှုမှတစ်ဆင့် လုပ်သားများ ကျွမ်းကျင်မှုအလိုက် လုပ်ခလစာများခံစားရရှိကာ မြန်မာပြည်သူပြည်သားများ လူနေမှုအဆင့်အတန်းမြင့်မားလာရေး လုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)ကဦးဆောင်ပြီး ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ နယ်ပယ်အလိုက် ပုဂ္ဂလိကကဏ္ဍရှိ ကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီး Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀) ပိတ်ပွဲအခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀) ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ငွေကြေးအင်အား၊ နည်းပညာအင်အားဖြင့် အကူအညီပေးခဲ့ကြသည့် Myanmar Motor Corporation Public Co., Ltd ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ၊ Pyae Soan Win Naing Distribution Co., Ltd (PSWN)၊ Zaya & Associate Group Co., Ltd နှင့် ဆက်စပ်လုပ်ငန်းရှင်များ၊ Luxembourg Development Cooperation Agency (LuxDev)၊ Swisscontact၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)၊အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များအား ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ Automobile Technology၊ Refrigeration and Air-Condition၊ Electrical Installation၊ Restaurant Service၊ Cooking အလုပ်အကိုင်အလိုက် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ **ရှေ့ဖုံးမှ**

ပြိုင်ပွဲအမျိုးအစားသုံးမျိုးတွင် Line Tracing Robot ပြိုင်ပွဲ၌ အခြေခံပညာအဆင့် အသက်အရွယ်ကန့်သတ်ချက်ရှိသော်လည်း Rugby Robot ပြိုင်ပွဲနှင့် On Water Robot ပြိုင်ပွဲတို့၌ တက္ကသိုလ်အဆင့် အသက်အရွယ်ကန့်သတ်ထားခြင်းမရှိကြောင်း၊ ယင်းပြိုင်ပွဲမှ Winner ဆုရရှိသည့် အသင်းသုံးသင်းသည် လာမည့် ဩဂုတ်လတွင် တရုတ်(တိုင်ပေ)၌ ကျင်းပမည့် International World Robot Games 2020 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ အသင်းဝင်များ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- အေးမင်းသူ**




# ဝါးခယ်မမြို့နယ်၌ လူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်မှုသင်တန်းဆင်းပွဲ ကျင်းပ

**ဝါးခယ်မ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်၊ အလှကုန်ထုတ်လုပ်မှုသင်တန်းဆင်းပွဲနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဘိုးဘေးအညာစု ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း- မြင့်အောင်**

# သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည့် ဒုတိယအကြိမ်မြောက် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကြီးအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျိုက္ကဆံကွင်းရှိ ကယားအိမ်တော်၌ ယမန်နေ့ ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အစည်းအဝေးတွင် လုံခြုံရေးစီစဉ်ဆောင်ရွက်ထားရှိမှု၊ ဈေးဆိုင်များ စနစ်တကျ ရောင်းချနိုင်ရန် ပြင်ဆင်ထားရှိမှု၊ ပွဲတော်အတွင်း လာရောက်သည့် ပြည်သူများ လွယ်ကူစွာ ဝင်၊ ထွက်သွားလာနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ဖျော်ဖြေရေး၊ နေထိုင်တည်းခိုရေးနှင့် ကွင်းအတွင်း သန့်ရှင်းရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို စနစ်တကျ ဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်၊ ကယားတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းကျော်နှင့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပွဲတော်ကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ဆပ်ကော်မတီများက မိမိတို့တာဝန်ယူဆောင်ရွက်မည့်ကဏ္ဍများကို ရှင်းလင်းတင်ပြခဲ့ကြရာ ဝန်ကြီးချုပ်က ပွဲတော်ကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများမှတာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းပူးပေါင်းလုပ်ဆောင်ကြရန်နှင့် လိုအပ်ချက်များရှိပါက မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။ ပွဲတော်ကြီးတွင် နိုင်ငံတော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားလူမျိုး တစ်စုချင်းစီ၏ စုပေါင်းအကအလှုများ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့များ၊ နေထိုင်မှုပုံစံများ၊ ဝတ်စားဆင်ယင်မှုများနှင့် အထင်ကရနေရာများကို တည်းဖြတ်ဖော်ပြထားရှိသော Virtual Reality (VR) နှင့် Augmented Reality (AR) နည်းပညာပြခန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့၏ ကုန်ပစ္စည်းများကို ကြော်ငြာခြင်း၊ ရောင်းချခြင်းများပြုလုပ်နိုင်ရန် Exhibition Booth များ၊ လူမျိုးဘာသာမရွေး အလွယ်တကူ မှာယူစားသောက်နိုင်သည့် တိုင်းရင်းသားရိုးရာနှင့် အထွေထွေစားသောက်ဆိုင်များ၊ အမှတ်တရဓာတ်ပုံများ ရိုက်ကူးရန်အတွက် Photo Booth များ၊ ပွဲတော်အထိမ်း အမှတ်အနေဖြင့် ကျင်းပသော အားကစားပွဲများ ထည့်သွင်းထားကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# သီပေါမြို့နယ် နမ့်လန်ခေတ်မီဈေးသစ်ကြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်



**သီပေါ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စု နမ့်လန်ခေတ်မီဈေးသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှုများနှင့်အတူ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ နမ့်လန်ဒေသရပ်မိရပ်ဖ ဦးစိုင်းဘသန်းတို့က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ နမ့်လန်မြို့မဈေးသစ်နှင့်ပတ်သက်သော စာရွက်စာတမ်း၊ အချက်အလက်များကို ရှမ်းပြည်နယ်အလှုကုမ္ပဏီမှ ဦးညီညီတင်က မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်စည်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် နမ့်လန်ဈေးသစ်ကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် နမ့်လန်မြို့မဈေးသစ် ကမ္ပည်းကျောက်စာတိုင်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်အလှုကုမ္ပဏီလီမိတက်မှ နမ့်လန်ဈေးသစ်တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ခံ ဦးကျော်ကျော်လွင်က ရှင်းလင်းတင်ပြပြီး အမှိုက်သိမ်းယာဉ်တစ်စီးနှင့် ဈေးအတွက် မတည်ငွေကျပ် သိန်း ၁၀၀ ကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိထံ ပေးအပ်ပြီး အထိမ်းအမှတ်အလံနှင့်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ နမ့်လန်မြို့မဈေးသစ်ကြီးကို သီပေါမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် တင်ဒါအောင်မြင်သော ရှမ်းပြည်နယ်အလှုကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ငွေကျပ် ၁၆၇၅ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တရုတ်ရိုးရာ ခြင်္သေ့နဂါးအကအလှ စွမ်းရည်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၂၀ ပြည့်နှစ် တရုတ်နှစ်သစ်ကူးပွဲတော် (ရန်ကုန်)အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ခြင်္သေ့နှင့် နဂါးအကအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၁၅) ကြိမ်မြောက် တရုတ်ရိုးရာ ခြင်္သေ့နဂါးအကအလှ စွမ်းရည်ပြိုင်ပွဲကို စဥ့်အိုးတန်းအထက်လမ်း၌ ယနေ့ညပိုင်းမှစတင်၍ ကျင်းပရာ ဖွင့်ပွဲ၌ ပေအရှည်ဆုံးဖြစ်သည့်နဂါးအကဖြင့် လှည့်လည်သရုပ်ပြသ၍ ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါပေအရှည် ၁၆၀ ရှိသည့် ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိသော နဂါးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် ပထမဆုံးအော်ဒါမှာယူထားခြင်းဖြစ်ပြီး တရုတ်ရိုးရာခြင်္သေ့နဂါးအကအလှစွမ်းရည်ပြိုင်ကို ဇန်နဝါရီ ၂၉ ရက် ညပိုင်းအထိ ကျင်းပသွားမည်ဖြစ်သည်။



ခြင်္သေ့နဂါးအကအလှ စွမ်းရည်ပြသစဉ်။

ပြိုင်ပွဲ၌ ပြည်တွင်းနဂါးအရှည်ပြိုင်ပွဲဝင်အသင်း ကိုးသင်း၊ ပြည်ပနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အသင်းနှစ်သင်းနှင့် ထိုင်းနိုင်ငံမှ အသင်းနှစ်သင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခြင်္သေ့နှင့် နဂါးအကအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောသည်။

ပြိုင်ပွဲ၌ အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းအတိုင်း ပြည်ပတွင် သင်တန်းတက်ရောက်ခဲ့ကြသည့် ကမ္ဘာ့ပြိုင်ပွဲ အတွေ့အကြုံရှိသော အကဲဖြတ်ဒိုင်များက ပြိုင်ပွဲဝင်အသင်းများအတွက် အကဲဖြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအားလုံးအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း**

# တိုင်းဒေသကြီးဥပဒေချုပ်ရုံး ဝန်ထမ်းအိမ်ရာသစ်ဖွင့်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး အာရ်စီလေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား တိုင်းဒေသကြီးဥပဒေချုပ်ရုံး ဥပဒေအရာရှိ ရိပ်သာဝင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ဝန်ထမ်းအိမ်ရာ အာရ်စီလေးခန်းတွဲလေးထပ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တင်ဒါအောင်မြင်သည့် Myanmar Land & Development Limited က စာချုပ်တန်ဖိုးငွေကျပ် ၂၈၆ သန်းဖြင့် တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ စီမံကိန်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဧပြီ ၅ ရက်မှလုပ်ငန်းစတင်ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်း ယင်းအခမ်းအနားမှ သိရသည်။

အဆိုပါ အာရ်စီလေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာသစ်ကို မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်းနှင့် ဥပဒေဝန်ထမ်းများ၊ ဖိတ်ကြားထားသူများသည် တိုင်းဒေသကြီးဥပဒေချုပ် ဝန်ထမ်းအိမ်ရာ အာရ်စီလေးခန်းတွဲလေးထပ် အဆောက်အအုံအတွင်း လိုက်လံကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

○ မူဆယ်ခရိုင်မှ

မူဆယ်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ် ဒေါက်တာမျိုးဇော်၏ ပြောကြားချက်အရ သိရသည်။ တရုတ်နိုင်ငံတွင် ရောဂါပျံ့နှံ့မှုနှုန်း မြင့်တက်လာခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများကို လိုအပ်လျှင် ထပ်မံတိုးမြှင့်ချထားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင်ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါ(ကိုရိုနာဗိုင်းရပ်စ်)ကြောင့် သေဆုံးသူများနှင့် ကူးစက်ခံရသူများ မြင့်တက်လာပြီး မြန်မာနိုင်ငံ မူဆယ်ခရိုင်နှင့် အနီးစပ်ဆုံးပြည်နယ်ဖြစ်သည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁ ဦး ရှိလာပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် တက်ဟုန်ပြည်ပရေးရာဌာန၏ ထုတ်ပြန်ထားချက်အရ သိရသည်။

ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်(ခွဲ) မန်စီ၊ လုံချွန်၊ ရင်းကျန်း၊ လျန်ဟော်မြို့နှင့် ရွှေလီမြို့တို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူမရှိသေးကြောင်းလည်း တက်ဟုန်ပြည်ပရေးရာဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



**ဝင်၊ ထွက်သွားလာမှုများ နည်းပါး**

ယင်းဖြစ်ရပ်များကြောင့် တရုတ်နိုင်ငံ ရွှေလီမြို့သို့ တရုတ်နိုင်ငံပြည်မဘက်မှ ယာဉ်အဝင်ကို ပိတ်ပင်ထားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၊ နမ့်ခမ်းမြို့၊ ပန်ဆိုင်း(ကြူကုတ်)မြို့၊ မန့်ဟီးရိုးမြို့နှင့် မုံးကိုးမြို့တို့မှ တရုတ်နိုင်ငံဘက်သို့ အဝင်၊ အထွက်သွားလာနေကြသည့် မြန်မာနိုင်ငံသားများနှင့် တရုတ်နိုင်ငံသားများသည် ဇန်နဝါရီ ၂၆ ရက်မှ ဝင်၊ထွက်သွားလာမှုများ သိသာစွာနည်းပါးလာပြီဖြစ်သည်။

တရုတ်နိုင်ငံတွင် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါ (ကိုရိုနာဗိုင်းရပ်စ်)ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် မူဆယ်မြို့ နယ်စပ်ဒေသတွင် နှာခေါင်းစည်းဝယ်ယူသူများပြားလာခြင်းကြောင့် မူဆယ်မြို့နှင့် မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်တချို့တွင် နှာခေါင်းစည်းများ ပြတ်လပ်မှုကြုံတွေ့လာနိုင်သည်ဟု သိရသည်။

တရုတ်နိုင်ငံ မန်စီမြို့၊ ရွှေလီမြို့နှင့် ကျယ်ဂေါင်မြို့တို့မှ မြန်မာနိုင်ငံ မူဆယ်မြို့၊ နမ့်ခမ်းမြို့၊ ပန်ဆိုင်း(ကြူကုတ်)မြို့နှင့် မုံးကိုးမြို့အထိ တရုတ်နိုင်ငံသားတချို့က နှာခေါင်းစည်းများ အထုပ်လိုက် လာရောက်ဝယ်ယူသူများလည်း ရှိလာသည်။ မုံးကိုးမြို့ရှိ ဈေးဆိုင်များတွင် နှာခေါင်းစည်းများကို တရုတ်နိုင်ငံသားတချို့က ဆိုင်ကယ်များနှင့် သုံးဘီးကားများဖြင့် လာရောက်သယ်ယူကြပြီး မုံးကိုးမြို့ရှိ ဈေးဆိုင်များတွင် နှာခေါင်းစည်းပြတ်လပ်ခြင်းကြောင့် မူဆယ်မြို့သို့ ပြန်လည်မှာယူနေရကြောင်း မုံးကိုးမြို့ရှိ ဈေးသည် ဒေါ်အိုင်မိုင်က ပြောသည်။

လက်ရှိတွင် မူဆယ်မြို့ရှိ ဈေးဆိုင်များ၌ နှာခေါင်းစည်းများ ဝယ်ယူရန်ခက်ခဲလာပြီး မူဆယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တစ်ဦးလျှင် နှာခေါင်းစည်းတစ်ခုနှုန်းဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။ မြန်မာ-တရုတ် နယ်စပ်ဂိတ်ပေါက်များမှ ခရီးသွားဧည့်သည်များ၊ မြန်မာပြည်သူများနှင့် မြန်မာအလုပ်သမားများ နေ့စဉ် အဝင်၊ အထွက်ပြုလုပ်လျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အထူးသတိထားရန်လိုအပ်သည့် နယ်စပ်မြို့လည်း ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဇန်နဝါရီ ၂၅ ရက် ထုတ်ပြန်ချက်အရ အဆုတ်ရောင်ရောဂါ(ကိုရိုနာဗိုင်းရပ်စ်)ဖြစ်ပွားသူ တရုတ်တွင် ၁၂၈၇ ဦး၊ ဂျပန်တွင် သုံးဦး၊ တောင်ကိုရီးယားတွင် နှစ်ဦး၊ ဗီယက်နမ်တွင် နှစ်ဦး၊ စင်ကာပူတွင် သုံးဦး၊ ဩစတြေးလျတွင် သုံးဦး၊ ထိုင်းတွင် လေးဦး၊ နီပေါတွင် တစ်ဦး၊ အမေရိကန်တွင် နှစ်ဦး၊ ပြင်သစ်တွင် သုံးဦး စုစုပေါင်း အဆုတ်ရောင်ရောဂါဖြစ်ပွားသူ ၁၃၂၀ ရှိကြောင်း သိရသည်။

**ဆက်လက်စောင့်ကြည့်သွားမည်**

သို့ဖြစ်၍ ဝူဟန်မှ ရန်ကုန်နှင့် မန္တလေးသို့ ပျံသန်းပြေးဆွဲနေသည့် China Eastern လေကြောင်းလိုင်းကို ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်ထိ ယာယီရပ်နားထားကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရပြီး Novel Coronavirus ရောဂါနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် လုပ်ငန်းများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

❖ ကျောဖုံးမှ

စော်ကဲမြစ်ကူးတံတားကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် တည်ဆောက်ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စော်ကဲမြစ်ကူးတံတားသည် များစွာအထောက်အကူပြုသော တံတားတစ်စင်းဖြစ်လာမည်ဖြစ်ပေသည်။

**တာဝန်ယူတည်ဆောက်**

ဧရာဝတီတိုင်းဒေသကြီးတွင် ကျွန်းပြဿဒ်မြစ်ကူးတံတားသည်လည်း အရေးပါသောတံတားတစ်စင်းဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဝါးခယ်မမြို့နယ် ထိစပ်နေသောနေရာတွင် တည်ရှိသည်။ အဆိုပါမြစ်ကူးတံတားကိုလည်း တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၂)ကပင် တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။



ကျွန်းကုန်းမြစ်ကူးတံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

မြစ်ကူးတံတား၏အရှည်ပေ ၂၃၆၀ ရှိပြီး အကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေစီရှိသည်။ ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ နှင့် အကျယ်ပေ ၂၄၀ ဖြစ်ကာ သံမဏိသံပေါင် သံကူကွန်ကရစ်ရက်မတံတားအမျိုးအစားဖြစ်သည်။

**ပြီးစီးရန် လျာထား**

ယင်းကျွန်းပြဿဒ် မြစ်ကူးတံတားမှ စော်ကဲမြစ်ကူးတံတားအထိ ငါးမိုင် လေးဖာလုံ၊ ဝါးခယ်မမြို့အထိ ၁၁ မိုင် ၁ ဖာလုံနှင့် ပုသိမ်မြို့အထိ ၆၇ မိုင် ၄ ဖာလုံ ကွာဝေးသည်။ မော်တော်ကားဖြင့် ပုသိမ်မြို့သို့သွားလျှင် နှစ်နာရီခွဲသာ သွားရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် တံတားတည်ဆောက်မှုလုပ်ငန်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ဝါးခယ်မမြို့နယ် အိမ်မဲ-ဝါးခယ်မ လမ်းပေါ်ရှိ ကျွန်းကုန်းမြစ်ကူးတံတားမှာလည်း မော်လမြိုင်ကျွန်း-ပုသိမ်အဝေးပြေးခရီးလမ်းကြောင်းတွင် အရေးပါသော မြစ်ကူးတံတားတစ်စင်းဖြစ်ပြီး တည်ဆောက်ရေးအဖွဲ့(၂)ကပင် တာဝန်ယူတည်ဆောက်ဆဲဖြစ်သည်။

ကျွန်းကုန်းတံတားသစ်မှာ မော်လမြိုင်ကျွန်း-ဘိုကလေး-ဖျာပုံ-ဒေးဒရဲ-ဝါးခယ်မ-မြောင်းမြတို့မှ ဒေသခံပြည်သူများ ပုသိမ်မြို့သို့ သွားရောက်ရာတွင် အချိန်တိုတိုဖြင့် အမြန်ဆုံးရောက်ရှိနိုင်သည်။

အဆိုပါကျွန်းကုန်းတံတားမှာ မြို့နယ် ခြောက်မြို့နယ်၏အလယ်ဗဟို၌တည်ရှိပြီး မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းပြဿဒ်တံတားမှ ဝါးခယ်မမြို့အထိ ၁၀ မိုင်၊ ဝါးခယ်မမြို့မှ ကျွန်းကုန်းတံတားအထိ ၁၁ မိုင် ၄ ဖာလုံ၊ ကျွန်းကုန်းတံတားမှ မြောင်းမြမြို့အထိ ၂၂ မိုင် ၂ ဖာလုံနှင့် ပုသိမ်မြို့အထိ ၃၄ မိုင်ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် ၄၅ မိနစ်သာ သွားရတော့မည်ဖြစ်သည်။

**ပြီးစီးရန် လျာထား**

ကျွန်းကုန်းတံတားသစ်မှာ တံတားအရှည် ၇၈၇ ပေ ၅ လက်မ၊ တံတားအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေစီ၊ ရေလမ်းကင်းလွတ် အမြင့် ၁၈ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၁၆၀ ရှိသည်။ သံကူကွန်ကရစ် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။ အဆိုပါတံတားကို ၂၀၂၁ ခုနှစ်အတွင်း တံတားတည်ဆောက်မှုလုပ်ငန်းများပြီးစီးရန် လျာထားကြိုးပမ်းတည်ဆောက်လျက်ရှိပေသည်။

သို့ဖြစ်ရာ မြစ်ဝကျွန်းပေါ်လမ်းကွန်ရက်တွင် အရေးပါသော တံတားသုံးစင်းလုံးမှာ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွင်း တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။ အဆိုပါတံတားပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မည့်အပြင် ကုန်စည်ကူးသန်းမှုများ လျင်မြန်လာမည်ဖြစ်ပြီး ဧရာမြေ၏ အလှသည်ကားတုနှိုင်း၍မရသော ချစ်စရာအလှများဖြင့် ပြည့်လျှံနေပေတော့မည်ဖြစ်သည်။

**မော်ကျွန်း - မြင့်အောင်**

# ထိုင်းနိုင်ငံထွက် သရက်သီးများ ပခုက္ကူဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်

ပခုက္ကူ ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံထွက် (ယိုးဒယား)သရက်သီးများ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေးကြီးသို့ လှိုင်လှိုင်ဝင်ရောက်လာပြီဖြစ်ကြောင်း သရက်ချဉ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ဒေါ်ကေသီထံမှ သိရသည်။

**တစ်နှစ်ပတ်လုံးဝင်ရောက်**

ထိုင်းနိုင်ငံထွက်သရက်သီး ဒေသအခေါ် ယိုးဒယားသရက်သီးများ တစ်နှစ်ပတ်လုံးဝင်ရောက်လျက်ရှိရာ ယခုအခါ သရက်သီးများ များပြားစွာ ဝင်ရောက်လာကြောင်းနှင့် မြန်မာနိုင်ငံအတွင်း ဒေသမျိုးရင်း သရက်ပင်များ ဖူးပွင့်ချိန်ရောက်မှ သရက်သီးဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်းသိရပြီး ခြောက်ပိဿာအိတ် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀ ပေးဝယ်ရကြောင်း၊ နွေရာသီ၌ ခြောက်ပိဿာအိတ်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ အထိ ပေးဝယ်ရ၍ သရက်သီးမပြတ်စေရန် ဝယ်ယူရကြောင်း၊ သရက်သီးပေါက်စိတ်လုပ်ကာ ရောင်းချခဲ့ကြောင်း သိရသည်။ သရက်သီးပေါက်စိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချကြောင်း ဒေါ်ကေသီက ပြောသည်။

မြန်မာ့ဒေသမျိုးရင်းသရက်များပေါ်ချိန်တွင် ပေါ်ဦးပေါ်စ၌သာ ဈေးရပြီး သရက်မျိုးစုံ လှိုင်လှိုင်ပေါ်ချိန်တွင် သရက်သီးတစ်တင်း ငွေကျပ် ၂၀၀၀ မှ ငွေကျပ် ၂၅၀၀ အထိသာဈေးရှိတတ်ကြောင်း၊ သရက်သီးများကို စဥ့်အိုးများဖြင့် လှောင်သိပ်ခြင်း၊ သစ်သားသေတ္တာများအတွင်း ပလတ်စတစ်ခံသိပ်ခြင်းများဖြင့် လှောင်သိပ်ထားကြကြောင်း သိရသည်။

**ဈေးကွက် အသာစီးရ**

ထိုင်းနိုင်ငံမှဝင်ရောက်လာသည့် သရက်သီးများသည် ဒေသမျိုး သရက်လောက် စားမကောင်းသော်လည်း တစ်နှစ်ပတ်လုံးသီးကာ ရောင်းချရခြင်းကြောင့် ဈေးကွက်အသာစီးရနေကြောင်း သရက်ချဉ်လုပ်ငန်းရှင်များထံမှ သိရသည်။

**ကိုထိန်(ငွါသရောက်)**



သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ လိုက်နာကာကွယ် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်

**ရှင်မင်း**

ဇန်နဝါရီလ ၂၄ ရက်မှ ၃၀ ရက်နေ့အထိသည် တရုတ်နှစ်သစ်ကူး ကာလဖြစ်သည်။ ထိုကဲ့သို့ အများပြည်သူ နှစ်သစ်ကူးကာလရှည်ပိတ်ရက်တွင် တရုတ်နိုင်ငံ ဝူဟန်မြို့တွင် 2019 Novel Coronavirus (2019–nCoV) စတင်ဖြစ်ပွားခဲ့မှုကြောင့် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများ၊ နှစ်သစ်ကူးအပန်းဖြေခရီးသွားများဖြင့် မစည်ကားနိုင်တော့ပေ။ တရုတ်နိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် ဘေးဒဏ်သင့်ဒေသများသို့ ဝင်ရောက်ခွင့်နှင့် ထွက်ခွာခွင့်များအတွက် ကန့်သတ်ချက်နှင့် စည်းကမ်းသတ်မှတ်ချက်များကို တိုးမြှင့်ထုတ်ပြန်ခြင်းအပါအဝင် Coronavirus ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် ထိန်းချုပ်မှုအစီအမံများကို ဆောင်ရွက်လျက်ရှိသည်။

**ခုတင် ၁၀၀၀ ဆံ့ ဆေးရုံသစ်**

ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၀၀ နီးပါးရှိပြီး သေဆုံးသူ ၅၆ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ကူးစက်ခံရသူများကို သီးသန့်ကုသမှုပေးနိုင်ရန်အတွက် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံသစ်ကို ရက်ပိုင်းအတွင်းပြီးစီးရန် သက်ဆိုင်ရာအာဏာပိုင်များက အလေးပေးဆောင်ရွက်လျက်ရှိသည်။

ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေကြောင့် ဝူဟန်မြို့၌ ပညာသင်ကြားလျက်ရှိသော မြန်မာကျောင်းသား ကျောင်းသူ ၆၀ အတွက် မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် ကျောင်းသား ကျောင်းသူများနှင့် စဉ်ဆက်မပြတ်ဆက်သွယ်လျက်ရှိပြီး ၎င်းတို့အတွက် စားရေးသောက်ရေး အခက်အခဲမရှိစေရန် ရက်သတ္တတစ်ပတ်စာ အစားအစာများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်၍ ပေးပို့ထားပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်အသိပေးထားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံး၊ ပေကျင်းမြို့တို့အနေဖြင့်ကာယကံရှင်ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ပြည်သူများ စိုးရိမ်ပူပန်မှုလျော့ပါးစေရေးအတွက် လိုအပ်သည့်အစီအမံများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ညှိနှိုင်းဆောင်ရွက်လျက်ရှိရာတွင် အခြေအနေနှင့် အချိန်အခါပေးသည်နှင့် မြန်မာနိုင်ငံသို့ ဆောလျင်စွာပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် တရုတ်နိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် ကူမင်းမြို့၊ နန်နင်းမြို့နှင့် ဟောင်ကောင်တို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များကို ပေကျင်းမြို့ရှိ မြန်မာသံရုံးက ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော Virus ရောဂါပိုးသည် Novel Coronavirus ပိုးအမျိုးအစားဖြစ်သည်ဟု ဇန်နဝါရီ ၇ ရက်က အတည်ပြုကြေညာခဲ့သော်လည်း ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern – PHEIC) အဖြစ် ကြေညာခြင်းမပြုသေးပေ။

**စောင့်ကြပ်ကြည့်ရှု**

တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ရုရှား၊ ဗီယက်နမ်နိုင်ငံတို့နှင့် ဟောင်ကောင်၊ ထိုင်ဝမ်လေဆိပ်၊ ရေဆိပ်များရှိ ခရီးသည်များ၊ အထူးသဖြင့် ဝူဟန်မြို့မှပြန်လာသည့် ခရီးသည်များကို အဖျားရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ဆောင်လျက်ရှိသည်။

2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကို တရုတ်နိုင်ငံတွင်သာမက ကမ္ဘာအနှံ့တွင်ပါ တွေ့ရှိလာရသည့်အတွက် ကမ္ဘာအနှံ့ စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ကူးစက်ခံရသည့် နိုင်ငံများအနေဖြင့် လူနာများကို သီးသန့်ထားကုသမှုပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများသို့ Coronavirus ကူးစက်မှုရှိသော်လည်း မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှုမရှိသေးကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

**ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အပြင် ရောဂါဖြစ်ပွားရာ ဝူဟန်မြို့နှင့် တိုက်ရိုက်လေကြောင်းလိုင်းတချို့ရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အဖျားရောဂါနှင့် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းများကို လေဆိပ်ကျန်းမာရေးဌာနခွဲများတွင် အချိန်ပြည့် တာဝန်ချထားခြင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာလေကြောင်းလိုင်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ သီးသန့်လူနာခန်းများပြင်ဆင်ထားရှိရန် ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာအကြံပေးချက်များထုတ်ပြန်ခြင်း၊ အဆုတ်ရောင်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းအတွက် လိုက်နာရမည့် လုပ်ငန်းလမ်းညွှန်များကိုလက်ရှိဖြစ်စဉ်နှင့် ကိုက်ညီအောင် မွမ်းမံပြင်ဆင်ရေးဆွဲခြင်းများကို ဆက်တိုက်ဆောင်ရွက်လျက်ရှိသည်။

“ဇန်နဝါရီလ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံမှာ ရောဂါပိုး တွေ့ရှိရသူ မရှိသေးပါဘူး။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေနဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေးနဲ့နေပြည်တော် လေဆိပ်တွေမှာ Thermal Scanner တွေနဲ့ အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ နယ်စပ်ဝင်/ ထွက်ပေါက်တွေဖြစ်တဲ့ မူဆယ်၊ တာချီလိတ်၊ မြဝတီတို့မှာ Thermal Scanner တွေ၊ Non–contact Thermometer တွေနဲ့ အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အထူးအရေးပေး ဆောင်ရွက်လျက်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာလေဆိပ်တွေမှာ သံသယလူနာတွေ့ရှိပါက အချိန်မီလွှဲပြောင်းကုသဖို့အတွက် ရန်ကုန်က ဝေဘာဂီဆေးရုံကြီး၊ မန္တလေးက မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်က ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွေကို သတ်မှတ်ဆောင်ရွက်ထားပြီး သီးသန့်လူနာခန်းများ ပြင်ဆင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ အဆင်သင့်ရှိစေဖို့ စီစဉ်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်” **ဟု ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက အင်တာဗျူးမေးမြန်းမှုတွင် ဖြေကြားထားသည်။**

2019 Novel Coronavirus ပိုးကြောင့်ဖြစ်ပွားသည့် အဆုတ်ရောင်လူနာများတွင် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်းစသည့် လက္ခဏာများ ခံစားရကြောင်းတွေ့ရှိရပြီး ရောဂါပြင်းထန်သူများတွင် နောက်ဆက်တွဲအနေဖြင့် အသက်ရှူရခက်ခဲခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ရင်ဘတ်ဓာတ်မှန်တွင် အဆုတ်ခဲသည့်လက္ခဏာများတွေ့ရခြင်း၊ အသက်ရှူလမ်းကြောင်းစနစ် ပျက်စီးခြင်း၊ ဝမ်းတွင်းကလီစာများပျက်စီးခြင်း၊ သွေးဆိပ်တက်ခြင်းနှင့် အသက်သေဆုံးခြင်းအထိ ဖြစ်ပွားနိုင်သည်။

**အဆုတ်ရောင်ရောဂါကူးစက်ဖြစ်မှုကို ကာကွယ်နိုင်ရန်**

Coronavirus ပိုးကြောင့်ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါကူးစက်ဖြစ်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားနေရသောသူများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လူထူထပ်သောနေရာများကို သွားလာခြင်းမှရှောင်ကြဉ်ခြင်း၊ နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်လုံခြုံအောင်ဖုံးအုပ်ထားသော အဝတ်နှင့် နှာခေါင်းစည်းအသုံးပြုခြင်း၊ တိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လူနာနှင့်ထိတွေ့သော အရာဝတ္ထုများအား အသုံးပြုကိုင်တွယ်ပြီးတိုင်းနှင့် လူနာနှင့်တိုက်ရိုက်ထိတွေ့ပြီးသည့်အခါတိုင်း လက်ကိုဆပ်ပြာနှင့် စနစ်တကျဆေးကြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုဂရုပြုဆောင်ရွက်ခြင်း၊ ကောင်းမွန်စွာအိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝသည့် အစားအစာများစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာအား ထိတွေ့ကိုင်တွယ်ရသည့်အချိန်တိုင်း မိမိကိုယ်ကို ရောဂါပိုးကူးစက်ခံရခြင်း မရှိစေရန် Infection Prevention and Control အား အထူးဂရုပြုလိုက်နာခြင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ လေကြောင်းခရီးမှတစ်ဆင့် ဝင်ရောက်လာသော ပြည်တွင်း/ ပြည်ပခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက် (Travel Advice) ကိုလိုက်နာခြင်း၊ ရောဂါလက္ခဏာများတွေ့ရှိသည်ဟု ယူဆပါက နီးစပ်ရာကျန်းမာရေးဝန်ထမ်းများထံ သတင်းပို့၍ ကုသမှုခံယူခြင်းတို့ဖြင့် ကာကွယ်နိုင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

**တိုက်တွန်း နှိုးဆော်ထား**

ဆောင်းရာသီကာလ အသက်ရှူလမ်းကြောင်းများဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်ချက်များနှင့် 2019 Novel Coronavirus (2019–nCoV)နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူများသိရှိနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင် Website (https://www. mohs.gov.mm/) နှင့် Facebook page၊ Myanmar CDC Facebook Page (https://web. facebook.com/Myanmar CDC/) နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၏ Facebook page တို့တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ကြရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။



2019 Novel Coronavirus ၏ ပုံကိုတွေ့ရစဉ်။

**အပြည်ပြည်ဆိုင်ရာလေဆိပ်တွေမှာ သံသယလူနာ တွေ့ရှိပါက အချိန်မီ လွှဲပြောင်းကုသဖို့အတွက် ရန်ကုန်က ဝေဘာဂီဆေးရုံကြီး၊ မန္တလေးက မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်က ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွေကို သတ်မှတ်ဆောင်ရွက်ထားပြီး သီးသန့်လူနာခန်းများ ပြင်ဆင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ အဆင်သင့် ရှိစေဖို့ စီစဉ်ခြင်းတွေကို ဆောင်ရွက်လျက်ရှိ**

## မီးဘေးကာကွယ်ရေး မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

**တာချီလိတ် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ဝမ်ကောင်းမြို့မဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင်းခြင်းကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေး၊ ယာဉ်များအသုံးပြုပြီး မီးငြိမ်းသတ်ခြင်းများ၊ ဈေးသူ ဈေးသားများအား လက်တွေ့မီးငြိမ်းသတ်ခြင်းများကို စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာသို့ တာချီလိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦး၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **စိုင်းအောင်ဇော်လင်း**



## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော 2019 Novel Coronavirus (2019-nCoV) အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ သိကောင်းစရာများ (၂၆-၁-၂၀၂၀)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှစတင်ဖြစ်ပွားသော 2019 Novel Coronavirus (2019–nCoV) အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိပြည်သူများအနေဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါအချက်များကို သိရှိလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(က) **အဆုတ်ရောင်ရောဂါ (2019–nCoV)၏ အဓိကလက္ခဏာများ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့သို့ လွန်ခဲ့သည့် ၁၄ ရက်အတွင်း ခရီးသွားခဲ့ခြင်း၊ လွန်ခဲ့သည့် ၁၄ ရက်အတွင်း အဆုတ်ရောင်ရောဂါ (2019–nCoV) ဖြစ်ပွားသည်ဟု သံသယရှိသူနှင့်အတူနေထိုင်ခဲ့ခြင်း၊ လွန်ခဲ့သည့် ၁၄ ရက်အတွင်း အဆုတ်ရောင်ရောဂါ(2019–nCoV) ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး၊ ဖျားခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်နှင့်အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် လက္ခဏာများပေါ်ပေါက်လာပါက အဆုတ်ရောင်ရောဂါ (2019–nCoV)သံသယလူနာဟု သတ်မှတ်နိုင်ပါသည်။

(ခ) **အဆုတ်ရောင်ရောဂါ (2019–nCoV) ရောဂါကူးစက်ပုံ**

အဆုတ်ရောင်ရောဂါ(2019–nCoV) ရောဂါကူးစက်ပုံအား အတိအကျအတည်ပြုနိုင်ခြင်းမရှိသေးသော်လည်း ယခင်အလားတူ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးများ၏ ရောဂါကူးစက်ပုံများအရ ချောင်းဆိုးခြင်းနှင့် နှာချေခြင်းမှတစ်ဆင့် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး (Influenza Virus)များ အပါအဝင် အခြားရောဂါပိုးများ လေထဲသို့ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့်ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက်နိုင်ပါသည်။

(ဂ) **အဆုတ်ရောင်ရောဂါ(2019–nCoV) ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများ**

- ❖ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားနေရသောသူများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ။
- ❖ လူထူထပ်သောနေရာများကို သွားလာခြင်းမှ ရှောင်ကြဉ်ပါ။
- ❖ လက်ကိုစင်ကြယ်အောင် ဆပ်ပြာနှင့် ရေတို့ကို အသုံးပြု၍ မကြာခဏ ဆေးကြောပါ။
- ❖ နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ် လုံခြုံအောင် ဖုံးအုပ်ထားသော အဝတ်နှင့် နှာခေါင်းစည်း အသုံးပြုပါ။ အထူးသဖြင့် ဘတ်စ်ကားစီးစဉ် အခြားသူများထံသို့ ရောဂါမကူးစက်စေရန် သတိပြုပါ။
- ❖ နှာချေ၊ ချောင်းဆိုးသည့်အခါ တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ သေချာစွာလွှင့်ပစ်ပါ။ လက်ကို စင်ကြယ်အောင် ဆပ်ပြာဖြင့် သေချာစွာ ပြန်ဆေးကြောပါ။
- ❖ တိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- ❖ တိရစ္ဆာန် အသား၊ ငါးများကို သေချာစွာ ကျက်အောင်စနစ်တကျချက်ပြုတ်ပြီးမှ စားသုံးပါ။
- ❖ တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ၊ ကောင်းစွာ အိပ်စက်အနားယူပါ။
- ❖ အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ပါ။
- ❖ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာအား ထိတွေ့ကိုင်တွယ်ရသည့်အချိန်တိုင်း မိမိကိုယ်ကို ရောဂါပိုးကူးစက်ခံရခြင်း မရှိစေရန် Infection Prevention and Control အား အထူးဂရုပြု လိုက်နာပါ၊ လူနာနှင့်ထိတွေ့သော အရာဝတ္ထုများကို အသုံးပြုကိုင်တွယ်ပြီးတိုင်းနှင့် လူနာနှင့် တိုက်ရိုက်ထိတွေ့ပြီးသည့်အခါတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောပါ။
- ❖ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ လေကြောင်းခရီးမှတစ်ဆင့် ဝင်ရောက်လာသော ပြည်တွင်း/ ပြည်ပ ခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာ ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက်(Travel Advice) ကို လိုက်နာပါ။

အထက်ဖော်ပြပါ အဆုတ်ရောင်ရောဂါ (2019–nCoV) မိမိကိုယ်တိုင်ဖြစ်ပွားသည် (သို့မဟုတ်) ရောဂါဖြစ်ပွားသည်ဟု သံသယရှိသူကို တွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ ကုသမှုခံယူပါ။ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ မိဘပြည်သူများကလည်း ရောဂါဖြစ်ပွားသည်ဟု သံသယရှိသူကို တွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
(၂၆ – ၁ – ၂၀၂၀)

အသေးစိတ်ပိုမိုသိရှိလိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် ဗီဒီယိုဖိုင်များအား ညှိနေရာကို Scan ဖတ်၍ website သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

https://mohs.gov.mm/Main/content/publication/2019-ncov

## ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်)ရောဂါ ကူးစက်ခြင်းမှ ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မန့်ဟီးရိုး ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့တွင် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်)ရောဂါ ကူးစက်ခြင်းမရှိအောင် ကြိုတင်ကာကွယ်ရေးနည်းလမ်းဖြစ်သော နှာခေါင်းစည်းများ တပ်ဆင် သွားလာနိုင်ရေးအတွက် နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ပေါက်ဂိတ်တွင် အခမဲ့ဖြန့်ဝေအသိပညာပေးခြင်းကို ဇန်နဝါရီ ၂၅ ရက်မှစတင်ပြီး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းကို မန့်ဟီးရိုးမြို့ရှိ မြို့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုင်းယီအောင်နှင့် သူနာပြုဆရာမများ ဦးဆောင်ကာ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် နယ်စပ်ဂိတ်ပေါက်မှတစ်ဆင့် နှစ်နိုင်ငံ ကူးလူးဆက်ဆံနေသော ပြည်သူများအား ဝူဟန်အဆုတ်ရောင် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်)ရောဂါ အကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ရောဂါကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများကို တပ်ဆင်အသုံးပြုနိုင်ရေး အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ပြည်သူများအား အသိပညာပေး လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



မန့်ဟီးရိုးမြို့နှင့် ထိစပ်နေသော တရုတ်နိုင်ငံ မောင်နှမကျေးရွာ (နှစ်ပြည်တစ်ရွာ)အတွင်းရှိ ပန်းခြံ၊ ပြတိုက်၊ ပျော်ပွဲရွှင်ပွဲများ၊ ဆိုင်ခန်းများအားလုံးနှင့် ထိုနေရာသို့ သွားရောက်လည်ပတ်သည့် လေ့လာရေးသမားများ၊ ခရီးသွားဧည့်သည်များ၊ ဒေသခံများ ဝင်ရောက်မှုကို ယနေ့ နံနက်ပိုင်းမှ စတင်ပိတ်ထားလိုက်ပြီဖြစ်ကြောင်း သိရသည်။

**စန္ဒာ(ပြန်/ဆက်)**



## ပန်ဆိုင်း(ကြူကုတ်)မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် အဝင်/အထွက်ဂိတ်တွင် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**ပန်ဆိုင်း ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံ ပန်ဆိုင်း(ကြူကုတ်)မြို့သို့ ဝင်ရောက်လာသူများကို ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်)ရောဂါကူးစက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သည့် အခြားကျန်းမာရေးစစ်ဆေးမှုများကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ပန်ဆိုင်း(ကြူကုတ်)မြို့ မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ် အဝင်/အထွက် ဂိတ်၌ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ပန်ဆိုင်း(ကြူကုတ်)မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇောနည်၊ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာတီခွန်ဆန်းဒွန်း၊ ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများက တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသူများကို ပန်ဆိုင်းမြို့ ပြည်သူ့ဆေးရုံ၌ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်)ရောဂါ ကူးစက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြန်မာ–တရုတ် နှစ်နိုင်ငံ အဝင်/ အထွက်ဂိတ်များဖြစ်သည့် ပန်ဆိုင်း(ကြူကုတ်)မြို့ ကျိန်ကျန်းကျော့ဂိတ်နှင့် ဝမ်တိန်ဂိတ်တို့တွင် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းမိုးခိုင်(ပြန်/ဆက်)**

## မုံးကိုးမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

**မုံးကိုး ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့ မြန်မာ–တရုတ် နယ်စပ်အဝင်/အထွက် ဂိတ် (စစ်ဆေးရေးဂိတ်)တွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက တရုတ်နိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်)ရောဂါကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဖျားတိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို မုံးကိုးမြို့ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒီးအောင်က ကျန်းမာရေးဝန်ထမ်းများကို ဦးဆောင်ပြီး မုံးကိုးမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဦးနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးသည်။

"သံသယရှိတဲ့ လူနာတွေကိုတွေ့ရှိရင် စနစ်တကျဆောင်ရွက်ပြီး ဆေးကုသမှုတွေပြုလုပ်ရမှာဖြစ်ပါတယ်။ သံသယရှိတဲ့လူနာဟာ တရုတ်နိုင်ငံသားဖြစ်ရင် တာဝန်ရှိတဲ့သူတွေနဲ့ ချိတ်ဆက်ပြီး တရုတ်နိုင်ငံဘက်ကို ပြန်လည်ပို့ဆောင်ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်ကို ရောဂါတွေ ကူးစက်ပျံ့နှံ့လာခြင်းမရှိစေရေးအတွက် အခုလိုကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ရခြင်းဖြစ်ပါတယ်" ဟု ဒေါက်တာဒီးအောင်က ပြောသည်။

**ဆလိုင်းဇန်ရိုးထန်(ပြန်/ဆက်)**

# နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အိန္ဒိယနှင့်ဘရာဇီး စာချုပ် ၁၅ ခု လက်မှတ်ရေးထိုး

**နယူးဒေလီ ဇန်နဝါရီ ၂၆**

ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုနှင့် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီတို့ကြား ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ရေနံနှင့်ဓာတ်ငွေ့၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းထုတ်ပြန်မှု နည်းပညာကဲ့သို့သော နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည့် သဘောတူညီချက် ၁၅ ခုကို ယနေ့ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

မဟာဗျူဟာမြောက် မိတ်ဖက်နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ဆက်ဆံမှု ပိုမိုတိုးချဲ့ရန် လုပ်ငန်းဆောင်ရွက်မှုစီမံချက်တစ်ရပ်ကို အပြီးသတ်ခဲ့ကြောင်း ဝန်ကြီးချုပ် မိုဒီက ပြောသည်။ "သမ္မတကြီးရဲ့ အိန္ဒိယနိုင်ငံကိုလာရောက်တဲ့ ခရီးစဉ်က အိန္ဒိယနဲ့ဘရာဇီးကြား နှစ်နိုင်ငံဆက်ဆံရေးမှာ အခန်းကဏ္ဍသစ်တစ်ခု ဖွင့်လှစ်လိုက်ပါပြီ" ဟု ဝန်ကြီးချုပ်မိုဒီက သမ္မတ ဘိုလ်ဆိုနာရိုရှေ့မှောက် မီဒီယာထုတ်ပြန်ချက်အတွင်း ပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံမှာ အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တန်ဖိုးရှိသော မိတ်ဖက်တစ်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးမှာ ပထဝီအနေအထားအရ ဝေးကွာမှုရှိနေလင့်ကစား ကမ္ဘာ့ရေးရာကိစ္စများတွင် အတူတကွရပ်တည်ကြောင်း ဝန်ကြီးချုပ် မိုဒီက ပြောသည်။

နှစ်နိုင်ငံစလုံးက နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် ၁၅ ခု လက်မှတ်ရေးထိုး၍ ရှိရင်းစွဲ အားကောင်းသော ဆက်ဆံမှုကို ပို၍ခိုင်မာစေခဲ့ကြောင်း ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုက ပြောသည်။ ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုသည် သမီးဖြစ်သူ လော်ရာဘိုလ်ဆိုနာရို၊ ချွေးမ လက်တီစီယာမာမို၊ ဝန်ကြီးရှစ်ဦး၊ လွှတ်တော်အဖွဲ့ဝင်လေးဦးနှင့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လိုက်ပါ၍ ယမန်နေ့က အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ လက်တင်အမေရိကတိုက်ရှိ အကြီးမားဆုံးတိုင်းပြည် ဘရာဇီးနှင့် ဆက်ဆံရေးမှာ ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း တိုးတက်လာခဲ့သည်။ ဘရာဇီးနိုင်ငံ၌ လူဦးရေ သန်း ၂၁၀ ရှိပြီး စီးပွားရေးပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံရှိသည်။

ကိုးကား - ပီတီအိုင်
ဘာသာပြန် - ကျော်ထိုက်စိုး



ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုနှင့် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီ

# ဩစတြေးလျ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးအထိရှိလာ

**ဆစ်ဒနီ ဇန်နဝါရီ ၂၆**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးကို စစ်ဆေးတွေ့ရှိကြောင်း ဩစတြေးလျနိုင်ငံက အတည်ပြုပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတွင် တည်ရှိသည့် ဗိတိုရိယပြည်နယ်တွင် ပထမဆုံးသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းခံရသူတစ်ဦးကို ဇန်နဝါရီ ၂၅ ရက်တွင် တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသက် ၅၀ ကျော်အရွယ်ရှိ တရုတ်လူမျိုးတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကို တွေ့ရှိရကြောင်း၊ ၎င်းသည် ဩစတြေးလျနိုင်ငံတွင်းသို့ ဝင်ရောက်မလာမီ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့သည့် တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ ရှိနေခဲ့ကြောင်း ဩစတြေးလျ ကျန်းမာရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် တရုတ်နိုင်ငံသားသည် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့သို့ လွန်ခဲ့သည့်ရက်သတ္တပတ် စနေနေ့က ၎င်း၏ဆွေမျိုးများနှင့်တွေ့ဆုံရန် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ယင်းတရုတ်နိုင်ငံသားသည် ဆေးရုံသို့တက်ရောက်ကုသမှုခံယူရန် ဆန္ဒရှိခဲ့ကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

အဆုတ်ရောင်ရောဂါခံစားနေရသည့် ယင်းတရုတ်နိုင်ငံသားကို မဲလ်ဘုန်းမြို့ ဆင်ခြေဖုံးရှိ ဆေးရုံတစ်ရုံ၌ သီးသန့်ထားရှိပြီး ၎င်း၏အခြေအနေမှာ တည်ငြိမ်နေကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

ဗိတိုရိယပြည်နယ်၏ အိမ်နီးချင်းနယူးဆောက်သ်ဝေးပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုနှင့်ပတ်သက်၍ သံသယရှိသူ လူငါးဦးအား စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ဇန်နဝါရီ ၂၆ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ နှစ်ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ဇော်ဝင်း

# လစ်ဗျားနိုင်ငံ၌ ရေနံတင်ပို့မှုရပ်ဆိုင်းခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့



လစ်ဗျားနိုင်ငံရှိ ရေနံချက်စက်ရုံတစ်ခုအား တွေ့ရစဉ်။

**ထရီပိုလီ ဇန်နဝါရီ ၂၆**

လစ်ဗျားနိုင်ငံတွင် ရေနံဆိပ်ကမ်းများနှင့် ရေနံမြေများ ပိတ်သိမ်းခဲ့ခြင်းကြောင့် ရေနံတင်ပို့မှု ရပ်ဆိုင်းခဲ့ရသဖြင့် လက်ရှိတွင် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကျော် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်း(အင်န်အိုစီ)က ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ရေနံအဆောက်အအုံများ တရားမဝင် ပိတ်သိမ်းလိုက်ခြင်းကြောင့် ရေနံထုတ်လုပ်မှု သိသိသာသာလျော့ကျခဲ့ပြီးနောက် အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၆ သန်းနီးပါး ဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့ကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက အကဲဖြတ်ခဲ့ကြောင်း အင်န်အိုစီက ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံ စီးပွားရေး၏ အဓိက အရေးကြီးသည့် အခွန်ဘဏ္ဍာများ ပြန်လည်ရရှိရန်နှင့် ဒေသအားလုံးသို့ လောင်စာဆီထုတ်ကုန်များ ဆက်လက်ပံ့ပိုးပေးနိုင်ရန်အလို့ငှာ ထုတ်လုပ်မှုများကို ချက်ချင်းပြန်လည်စတင်နိုင်စေရေး ပိတ်ဆို့မှုအားလုံးကို အဆုံးသတ်ပေးရန် လစ်ဗျားနိုင်ငံပိုင် အမျိုးသား ရေနံကော်ပိုရေးရှင်းက တောင်းဆိုထားကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်း အခြေစိုက်တပ်ဖွဲ့အား ဆန့်ကျင်သည့်လက်နက်ကိုင်အုပ်စုကို ထောက်ပံ့ရန် ကုလသမဂ္ဂထောက်ခံသော အစိုးရက ရေနံမှရရှိသည့် အခွန်ဘဏ္ဍာများကို အသုံးပြုနေကြောင်း စွပ်စွဲလျက် လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ လူမျိုးစုခေါင်းဆောင်များက ရေနံဆိပ်ကမ်းများနှင့် ရေနံမြေများကို လွန်ခဲ့သည့်ရက်ပိုင်းက ပိတ်သိမ်းခဲ့သည်။

လစ်ဗျားအရှေ့ပိုင်း အခြေစိုက်တပ်ဖွဲ့သည် ကုလသမဂ္ဂထောက်ခံသည့်အစိုးရထံမှ ထရီပိုလီအား သိမ်းပိုက်ရရှိရန် ကြိုးစားသည့်အနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလမှစတင်ကာ စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးတစ်ရပ်ကို ဦးဆောင်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# အီရန်ဒုံးကျည်တိုက်ခိုက်ခဲ့မှု အမေရိကန်တပ်သား ဒဏ်ရာရသူအရေအတွက် ထုတ်ပြန်

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အီရတ်နိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်းများအား အီရန်က ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပြီးတွင် ယင်းစစ်စခန်းများကို ထိခိုက်ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ နောက်ဆုံးရရှိသည့် အရေအတွက်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီရန်၏ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၃၄ ဦးသည် ဦးခေါင်းပိုင်း (သို့မဟုတ်) ဦးနှောက်များ၌ ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျိုနသန်ဟော့ဖ်မန်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

ယင်းဒဏ်ရာရရှိသူများအနက်မှ ၁၇ ဦးကို ဆေးကုသမှုများခံယူရန် အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့ရှိဆေးရုံများသို့ ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်သည် ဇန်နဝါရီ ၈ ရက်က ဖြစ်ပွားခဲ့သော အီရန်၏ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဇန်နဝါရီ ၁၆ ရက်၌ အမေရိကန်အစိုးရက ပြောကြားခဲ့သည့် အရေအတွက်ထက် ၂၃ ဦး ပိုမိုများပြားလာခြင်းဖြစ်သည်။

အမေရိကန်စစ်ဘက်မှ မောင်းသူမဲ့လေယာဉ်တစ်စင်း၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အီရန်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြို့၌ အီရန်တော်လှန်ရေးအစောင့်တပ် အထူးတပ်ဖွဲ့မှ ထိပ်တန်းတပ်မှူး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ရခြင်းအပေါ် အီရန်က လက်စားချေတိုက်ခိုက်မှုအဖြစ် အီရတ်နိုင်ငံတွင်းရှိ စစ်အခြေစိုက်စခန်းများမှ အမေရိကန်တပ်ဖွဲ့များအား ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၈ ရက်တွင် ပြုလုပ်ခဲ့သည့် အီရန်၏ ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ဟု အမေရိကန်ကာကွယ်ရေးဌာနက ကနဦးသတင်းများ၌ ဖော်ပြခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း**

# တူရကီငလျင်လှုပ်ခတ်မှု သေဆုံးသူ ၃၅ ဦးအထိရှိလာ

**အန်ကာရာ ဇန်နဝါရီ ၂၆**

ဇန်နဝါရီ ၂၆ ရက်က တူရကီနိုင်ငံအရှေ့ပိုင်းတွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၃၅ ဦးအထိ မြင့်တက်လာခဲ့သည်။ ပြင်းအား ၆ ဒသမ ၇ ရှိသော အဆိုပါငလျင်သည် အီလာဇက်ပြည်နယ်သို့ ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း တူရကီအာဏာပိုင်များက ဆိုသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အပျက်အစီးများအောက်မှ ၄၅ ဦးခန့် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ခတ်မှုကြောင့် အဆောက်အဦးပြိုကျမှုများ ပိုမိုများပြားလာနိုင်ဖွယ်ရှိသည်။

ကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများအား တူရကီအစိုးရက ခြုံစောင်ထည်များအပါအဝင် အခြားသော ထောက်ပံ့ရေးပစ္စည်းများကို ပေးခဲ့ကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် -အောင်ကျော်ကျော်**

# အိန္ဒိယသမ္မတနိုင်ငံ (၇၁) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နယူးဒေလီ ဇန်နဝါရီ ၂၆**

အိန္ဒိယအစိုးရသည် လုံခြုံရေးတင်းတင်းကျပ်ကျပ် ဆောင်ရွက်လျက် အိန္ဒိယသမ္မတနိုင်ငံ (၇၁) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို နိုင်ငံ၏မြို့တော်နယူးဒေလီရှိ ရာ့ချ်ပတ်လမ်းတွင် ကျင်းပခြင်းဖြစ်သည်။ ယင်းအခမ်းအနားတွင် အိန္ဒိယနိုင်ငံ၏ စစ်ရေးအင်အားနှင့် မတူကွဲပြားသည့် ယဉ်ကျေးမှုများကို အပြည့်အဝထုတ်ဖော်ပြသခဲ့သည်။

**အမြောက် ၂၁ ချက် ပစ်ဖောက်**

အိန္ဒိယသမ္မတ ရမ်နတ်သ်ကိုဗင်က နိုင်ငံတော်အလံကို လွှင့်ထူပေးသည်။ ထို့နောက် အမျိုးသားသီချင်းကို တီးမှုတ်ကြသည်။ အစဉ်အလာအရ စစ်ရေးချီတက်မှု အထိမ်းအမှတ်အဖြစ် အမြောက် ၂၁ ချက် ပစ်ဖောက်သည်။

အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့အခမ်းအနားကို အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီက အမျိုးသားစစ်ပွဲအထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက် လည်ပတ်ခြင်းဖြင့် စတင်သည်။ ယင်းအထိမ်းအမှတ်ကျောက်တိုင်တွင် နိုင်ငံအတွက် တိုက်ပွဲဝင်ရင်း အသက်စွန့်သွားကြသည့် စစ်သားများကို ဝန်ကြီးချုပ်က ဂါရဝပြုခဲ့သည်။

ချီတက်နေသည့် တပ်မတော်စစ်ကြောင်းများနှင့် ဝေဟင်မှ အလေးပြုပျံသန်းသည့် စစ်လေယာဉ်များက သမ္မတ ကိုဗင်ကို အလေးပြုကြသည်။ တပ်မတော်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ က အလေးပြုခံစင်မြင့်ကိုဖြတ်၍ ချီတက်ကြသည်။ စစ်ကြောင်းများ ချီတက်စဉ်အတွင်း အရောင်အသွေးစုံလင်သည့် ယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှုများကို ပြသသည်။

အခမ်းအနားကျင်းပစဉ်အတွင်း ရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့က လုံခြုံရေးဝန်ထမ်း ၂၀၀၀၀ ကျော်ကို နယူးဒေလီ မြို့တွင် ဖြန့်ကြက်ချထားကြောင်း တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

ရာ့ချ်ပတ်လမ်းမကြီးတွင် စီစီတီဗွီကင်မရာများနှင့် လူ၏မျက်နှာကို မှတ်မိနိုင်သည့် ကင်မရာများကို အာဏာပိုင်များက တပ်ဆင်ထားသည်။ စစ်ကြောင်းကြီးများ ချီတက်နေပုံနှင့် အရောင်အသွေးစုံလင်သည့် ယဉ်ကျေးမှု အဖွဲ့များ၏ ဖျော်ဖြေတင်ဆက်နေပုံကို နိုင်ငံပိုင်ရုပ်မြင်သံကြား Doordarshan News က အင်္ဂလိပ်နှင့် ဟင်ဒီဘာသာစကားနှစ်မျိုးဖြင့် ထုတ်လွှင့်ပြသသည်။ နိုင်ငံပိုင် All India ရေဒီယိုကလည်း အခမ်းအနားကျင်းပနေပုံကို ပြည်သူများအတွက် အသံလွှင့်ပေးသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားတိုင်းပြည်များမှ အကြီးအကဲများလည်း တက်ရောက်ခဲ့ကြသည်။ ဘရာဇီးသမ္မတ ဂျဲမက်ဆီးယက်စ်ဘောဆိုနဲရိုသည် စစ်ရေးပြပွဲ အခမ်းအနား၌ ဂုဏ်ထူးဆောင်ဧည့်သည်အဖြစ် တက်ရောက်ခဲ့သည်။ ဝန်ကြီးချုပ် နရန်ဒရာမိုဒီက အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့တွင် တိုင်းသူပြည်သား များကို တွစ်တာမှတစ်ဆင့် နှုတ်ခွန်းဆက်ခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ဇော်လင်း






အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနျူချင်

## အမေရိကန်-ဗြိတိန် ကုန်သွယ်ရေးစာချုပ်ချုပ်ဆိုမှု ယခုနှစ်ကုန်ပိုင်းတွင် ဖြစ်နိုင်ခြေအလားအလာရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်-ဗြိတိန် ကုန်သွယ်ရေးစာချုပ်သည် ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ဆုံးဖြတ်မည့်အလားအလာရှိကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနျူချင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် ယခုလကုန်ပိုင်းတွင် ဥရောပသမဂ္ဂမှ ထွက်ခွာရန် မျှော်လင့်ထားသည်။ ထို့နောက်တွင် ဗြိတိန်နိုင်ငံသည် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည့် အသွင်ကူးပြောင်းရေးကာလမတိုင်မီ နိုင်ငံအသီးသီးနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များရရှိရန် ရည်ရွယ်လိမ့်မည်ဖြစ်သည်။ စတီဗင်မနျူချင်သည် ဇန်နဝါရီ ၂၅ ရက်တွင် လန်ဒန်မြို့၌ မိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့ပြီး ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဆာဂျစ်ဂျာဗစ်နှင့်လည်း တွေ့ဆုံခဲ့သည်။

ဗြိတိန်နိုင်ငံသည် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲများအတွက် အမေရိကန်၏ ဦးစားပေးစာရင်းတွင် ထိပ်ဆုံး၌ရှိနေလိမ့်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်း မနျူချင်က ထပ်မံပြောကြားခဲ့သည်။

ထရမ့်နှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်တို့သည် ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်းနှင့် ဘောရစ်ဂျွန်ဆင်သည် အကောင်းမြင်စိတ်ရှိသူဖြစ်ကြောင်း မနျူချင်က ထပ်လောင်းပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးစာချုပ်တစ်ရပ်ချုပ်ဆိုရန် အရင်းအမြစ်အတော်များများကို မြှုပ်နှံသွားရန်လည်း ပြင်ဆင်ထားကြောင်း မနျူချင်က ပြောကြားခဲ့သည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အလင်းသစ်

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၅၆ ဦးရှိလာ

**ပေကျင်း ဇန်နဝါရီ ၂၆**

တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ပျံ့နှံ့လာသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် တရုတ်နိုင်ငံတွင် သေဆုံးသူ ၅၆ ဦးရှိပြီး ၂၀၀၀ နီးပါး ကူးစက်ခံနေရသည်။ ယင်းတို့အနက် ၃၀၀ ခန့်သည် စိုးရိမ်ဖွယ်အခြေအနေတွင်ရှိသည့်အတွက် တရုတ်အစိုးရက နိုင်ငံအတွင်း ခရီးသွားလာမှုများကို ပိတ်ပင်ထားကြောင်း သိရသည်။

အမေရိကန်၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့က ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့လျက်ရှိသည့် ပြည်နယ်များအတွင်း ရောက်ရှိနေသော ၎င်းတို့၏နိုင်ငံသားများကို အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကိုရိုနာဗိုင်းရပ်စ်သည် ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်းက တရုတ်နှင့် ဟောင်ကောင်တို့တွင် ဖြစ်ပွားခဲ့သော ဆားစ်ရောဂါလောက် ကူးစက်မှုနှုန်းမြန်ဆန်မှုမရှိသေးသော်လည်း ယခုအချိန်တွင် ကူးစက်ပျံ့နှံ့မှုနှုန်း တဖြည်းဖြည်း အရှိန်ရရှိလာပြီဖြစ်သည်။

တရုတ်နိုင်ငံ နှစ်သစ်ကူးအခါသမယတွင် ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ရည်ရွယ်သည့်အနေဖြင့် ရှန်ဒေါင်းပြည်နယ်အပါအဝင် ပေကျင်း၊ ရှန်ဟိုင်း၊ ရှီအန်နှင့် တီယန်ကျင်းမြို့များတွင် အဝေးပြေးဘတ်စ်ကားများဝင်၊ ထွက်သွားလာမှုကို ပိတ်ပင်ထားသည်။

ဝူဟန်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးဝန်ထမ်းများနှင့် အခြားသော အမေရိကန်နိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ရန် ဝူဟန်မြို့မှ ဆန်ဖရန်စစ္စကိုမြို့သို့ လေယာဉ်တစ်စင်း စီစဉ်လျက်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

ပြင်သစ်အစိုးရကလည်း တရုတ်နိုင်ငံတွင်ရောက်ရှိနေသော ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုးကား–အေအက်ဖ်ပီ
ဘာသာပြန်–အောင်ကျော်ကျော်

## ပီရူးလောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုတွင် သေဆုံးသူ ၁၄ ဦးအထိ ရှိလာ

**လီမာ ဇန်နဝါရီ ၂၆**

ပီရူးနိုင်ငံ လီမာမြို့တော်၌ လောင်စာဆီတင်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပြင်းထန်သောမီးလောင်ဒဏ်ရာများကြောင့် ဆေးရုံတင်ခဲ့ရသည့် အမျိုးသမီးတစ်ဦး သေဆုံးပြီးနောက် သေဆုံးသူဦးမှာ ၁၄ ဦးအထိရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗစ်တာဘိုကန်ဂျယ်လ်က ပြောကြားသည်။

နောက်ဆုံးသေဆုံးသူမှာ အသက် ၃၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ပေါက်ကွဲမှုတွင် ဒဏ်ရာရရှိခဲ့သူ လူနာများနှင့်တွေ့ဆုံခဲ့သည့် ဗစ်တာဘိုကန်ဂျယ်လ်က ပြောသည်။ သေဆုံးသူများတွင် ကလေးငယ်ငါးဦးနှင့် ဗင်နီဇွဲလားနိုင်ငံမှ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးလည်း ပါဝင်ကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက အစောပိုင်းတွင် ပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၃ ရက် အစောပိုင်းက လီမာမြို့တော် ဗီလာအယ်လ်ဆာဗေဒိုခရိုင်၌ ဓာတ်ငွေ့ရည် လီတာ ၁၀၀၀၀ တင်ဆောင်လာသော လောင်စာဆီတင်ယာဉ်တစ်စီး ပေါက်ကွဲမှုတွင် လူပေါင်း ၅၀ နီးပါးဒဏ်ရာရရှိခဲ့ပြီး မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူနေအိမ်များ၊ မော်တော်ယာဉ်များ ပျက်စီးခဲ့ရသည်။

လောင်စာဆီတင်ယာဉ်က လမ်းဆုံတစ်ခုသို့ အရှိန်ဖြင့် မောင်းနှင်ခဲ့ချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု စုံစမ်းစစ်ဆေးရေးမှူးများက ယုံကြည်သည်။ အဆိုပါဖြစ်ရပ်တွင် ကနဦး သေဆုံးခဲ့သည်ဆိုသော လောင်စာဆီတင်ယာဉ်မောင်းနှင်သူမှာ အသက်ရှင်ခဲ့သည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ကျော်ထိုက်စိုး



ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သော လောင်စာဆီတင်ယာဉ်ကို တွေ့ရစဉ်။

# သိန်းပေါင်း ၈၈၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ၁၂ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဝါဝါဝင်း လမ်းအမှတ်(မ/၄) လေးလွှာနေ အောင်ရဲကျော်(ခ)ဖိုးခွား၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၀၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၀၊ လက်ကိုင်ဖုန်းနှစ်လုံး တို့ကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂၄ ရက် ည ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ဝမ်ကျန်ကျေးရွာအနီး ကတ်ထိုက်-ကတ်တောင်ကျေးရွာသွားလမ်းတွင် လောတာမောင်းနှင်ပြီး လီဆူလိုက်ပါလာသော ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ် သိန်းပေါင်း ၈၄၀၀၀ တန်ဖိုးရှိ အိုက်စ် ၃၃၆ ကီလို၊ အမ်-၂၂ မောင်းပြန်ရိုင်ဖယ်(ခေါက်ဒင်) တစ်လက်၊ ၎င်းကျည် ၇၅ တောင့်၊ ၎င်းကျည်အိမ် သုံးခု၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် စကားပြောစက် တစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မယ်လိတ်ပါကော်ကျေးရွာအနီး မယ်လိတ်ပါကော်-လွှမ်းစေတီသွားလမ်း သစ်ခေါက်ခြံတောလမ်းပေါ်၌ ဆိုင်ကယ်တစ်စီးနှင့် Toyota Hilux Vigo ယာဉ်တစ်စီးတို့ ရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀၀ ကိုလည်းကောင်း၊ အလားတူ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မယ်လိတ်ပါကော်-လွှမ်းစေတီသွားလမ်း သစ်ခေါက်ခြံအနီး၌ Toyota Hilux Vigo ယာဉ်တစ်စီး ရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ကဖင်း ၁၀၀၀ ကီလို စုစုပေါင်းငွေကျပ် သိန်းပေါင်း ၄၆၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

လီဆူ၊ လောတာတို့အား ဖမ်းဆီးရမိသည့် အိုက်စ်၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။



## ခရီးသည်တင်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်

**ခင်ဦး ဇန်နဝါရီ ၂၆**
ခင်ဦးမြို့နယ် ရွှေဘို - မြစ်ကြီးနားကားလမ်း ညောင်ကန်ဇရပ်အနီးတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၅ နာရီခန့်က ရွှေဘိုမြို့နေ ယာဉ်မောင်း ကံချွန် (ခ) သော်နိုင်ဦး မောင်းနှင်လာသော ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းရှိ သစ်ပင်အားဝင်တိုက်မိ၍ ယာဉ်မောင်း ကံချွန်(ခ)သော်နိုင်ဦးနှင့် ခရီးသည် ကသာမြို့နေ ဦးကျော်မင်းထွန်းတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကံချွန်(ခ)သော်နိုင်ဦးအား ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

## ညောင်ဦးမြို့ ပုဂံမြို့ဟောင်းသွားလမ်းတွင် ကားနှင့်စက်ဘီး တိုက်မိ၊ တစ်ဦးသေဆုံး

**ညောင်ဦး ဇန်နဝါရီ ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၇) ဝက်ကြီးအင်းရပ်ကွက် နဂါးကျစ်ဘိုးဘွားရိပ်သာအနီး ပုဂံမြို့ဟောင်းသွား ကားလမ်း၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၁ နာရီခန့်တွင် ကားနှင့် စက်ဘီး မျက်နှာချင်းဆိုင် တိုက်မိခဲ့ပြီး စက်ဘီးစီးလာသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက်တွင် ကားနှင့် စက်ဘီး မျက်နှာချင်းဆိုင်တိုက်မိကြောင်း သတင်းအရ ညောင်ဦးမြို့မရဲစခန်းမှ ဒုရဲအုပ်ရီမွန်အောင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဝင်းအောင် မောင်းနှင်လာသော ယာဉ်နှင့် အောင်ကိုကို စီးနင်းလာသော စက်ဘီးတို့ တိုက်မိခဲ့ပြီး အောင်ကိုကိုတွင် ဒဏ်ရာများရရှိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချောက်မြို့နယ် စလေကွက်သစ်ရပ်နေ ဝင်းအောင်အား ညောင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## မုံရွာမြို့ပေါ်၌ ဓားထောက်လုယက်မှုကျူးလွန်သူ ခြောက်ဦးအား ထပ်မံဖမ်းမိ

**မုံရွာ ဇန်နဝါရီ ၂၆**
ညအချိန် မုံရွာမြို့ပေါ်၌ ဓားထောက်လုယက်မှုကျူးလွန်သူ ခြောက်ဦးကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ထပ်မံဖမ်းမိခဲ့ကြောင်း သိရသည်။

"ဖုန်း GPS နဲ့ခြေရာခံမိပြီး ထန်းတောရပ်မှာ ကျူးလွန်သူ လေးဦးနှင့် မြဝတီနဲ့ နန္ဒဝန်မှာ နှစ်ဦးတို့ကို ဖမ်းမိခဲ့တာပါ။ သူတို့ကျူးလွန်ထားတာ ၁၂ မှုလောက်ရှိတယ်။ အခုလက်ရှိ ဖုန်းငါးလုံးသိမ်းထားပြီးပြီ။ နောက်ထပ်ငါးလုံး ထပ်အပ်ဖို့ရှိတယ်။ စကိုဖီဆိုင်ကယ်တစ်စီး လုယက်ရာမှာ အသုံးပြုတဲ့ဆိုင်ကယ် သုံးစီးနဲ့ ဓားရှည်နှစ်လက် သိမ်းဆည်းရမိထားပါတယ်"ဟု ရဲအုပ်ညိုသက်ဝင်းက ပြောသည်။

လုယက်မှုများကို ချစ်သူလမ်း၊ ကန်သာယာ၊ သလ္လာရပ်ကွက်ရုံးရှေ့ စသည့်နေရာများအနီးမှ ဖုန်း၊ ဆိုင်ကယ်နှင့် ငွေအချို့ကို လုယက်မှုကျူးလွန်ခဲ့ကြောင်း သိရသည်။ ယနေ့ဖမ်းမိသော ပြစ်မှုကျူးလွန်သူ ခြောက်ဦးအဖွဲ့အပြင် လုယက်မှုကျူးလွန်သူ ၁၀ ဦးကို ဇန်နဝါရီ ၂၃ ရက်တွင် ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

IT & Japanese Language Centre

Metro IT & Japanese Language Centre (Mandalay)

သင်ကြားရေးပုံမှန်ပြန်လည်စတင်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

ဇန်နဝါရီ ၁၇ရက်နေ့ Mandalay Yadanar Mall ၊ Sky Walk တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်တွင် Metro (Mandalay) သင်တန်းကျောင်းအတွက် ထပ်တူဝမ်းနည်း စိတ်ပူပန်ပေးခဲ့ကြသော Metro IT & Japanese Language Centre မှ ကျောင်းသား၊ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ Metro Group ၏ မိတ်ဆွေသင်္ဂဟများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

အဆိုပါဖြစ်စဉ်ကြောင့် သင်ကြားရေးများ ခေတ္တရပ်နားထားခဲ့ရသည့်အတွက်လည်း Metro (Mandalay) အနေဖြင့် အထူးပင်စိတ်မကောင်းဖြစ်ရပြီး အဆင်မပြေမှုများအတွက်လည်း ကျောင်းသား၊ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား တောင်းပန်အပ်ပါသည်။

Metro Group အနေဖြင့် ကျောင်းသူ၊ကျောင်းသားများ၏ ပညာရေး လစ်ဟင်းမှု မရှိစေရန်နှင့် သင်ကြားရေးများအမြန်ဆုံး ပုံမှန် ပြန်လည်စတင်နိုင်ရန် အထူးအလေးထား၍ ကြိုးစားစီမံ ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ စီမံဆောင်ရွက်ခဲ့မှုကြောင့် ဖေဖော်ဝါရီလ ၃ရက် (3.2.2020) တနင်္လာနေ့တွင် သင်ကြားရေးများ ပုံမှန် ပြန်လည်စတင်မည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။



ယာခင်မူလကျောင်း

*** Metro IT & Japanese Language Centre ***

(Mandalay - ယာယီသင်တန်းကျောင်းလိပ်စာ)

လိပ်စာ : ၆၅လမ်း ၊ ဗိုတောက်လမ်း နှင့် သဇင်လမ်းကြား ၊

ချမ်းမြေ့သာစည် မြို့နယ် ၊ မန္တလေးတိုင်းဒေသကြီး။

phone : 09-401000510, 09-401000520

faceook : metrogroupmandalay



ယာယီသင်တန်းကျောင်း

# မန်းရာပြည့်ကွင်းထဲက လူထုသဘောဆောင်သည့် အခမ်းအနားကြီးများ

ဆူးငှက်

၁၉၆၂ ခုနှစ် နောက်ပိုင်း ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုပွဲကာလနီးပြီဆိုလျှင် မန္တလေးမြို့ ပြလမ်းများပေါ်မှာ လမ်းမီးတွေအသစ်ဆင်သည်။ အားနည်းသောမီးကို အားကောင်းသောမီးနှင့် လဲလှယ်သည်။ လမ်းမီးကျွမ်းလျှင် အသစ်တပ်ဆင်သည်။ ထိုစဉ်က ဈေးချိုတော်ကိုဗဟိုပြု၍ ၈၄ လမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး)၊ ၈၃ လမ်း၊ ၈၂ လမ်း၊ ၈၁ လမ်း၊ လမ်း ၈၀၊ ၂၆ ဘီအာဇာနည်လမ်း၊ ၃၅ အေလမ်း စသည်များမှာ မာကျူရီလျှပ်စစ်မီးရောင်တွေ ထိန်ထိန်လင်းစေသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှာ ခေတ်တိုင်တိုင်းစေ့ ခေတ်မီလမ်းမီးများ စနစ်တကျတပ်ဆင်ခဲ့၏။

ကျုံးနံဘေးမှာ... မီးလုံး၊ မီးပွင့်၊ မီးချောင်း၊ မီးမောင်း ဖိတ်ဖိတ် လက်လို့...။ တစ်မြို့လုံးကလမ်းတွေမှာလည်း လမ်းမီးထိန်ထိန်လင်းလို့...။ ခေတ်စက်ရုံကြီးထဲက ရေနွေးငွေ့အင်ဂျင်ကြီးကလည်း မီးခိုးခြောင်းခြောင်းထမျှ အစွမ်းပြပြီး လောပိတလျှပ်စစ်အားကို အကူအညီပေးလို့...။ တစ်မြို့လုံးလည်း သိမ့်သိမ့်လှုပ်မျှ ပွဲတော်ဆီဦးတည်လို့....။ ထိုအချိန်မျိုးဆိုလျှင် ကျုံးနံဘေးပတ်ပတ်လည်မှာ မီးရောင်စုံတွေထိန်ထိန်လင်းမျှ ထွန်းညှိထားသည်။ မြို့ရိုး၏အထက် သူရဲခိုကလနားများအတိုင်း လျှပ်စစ်မီးလုံးတွေဆင်ထားသည်။ မြို့ရိုးပေါ်ရှိ ပြာသာဒ်ကြီးများမှာလည်း မီးလုံးရောင်စုံတွေ သီးပွင့်နေ၏။

### ဟီးနိုးကားမစီးဖူးသော မန္တလေးသားတွေ

တချို့သော ပြည်ထောင်စုနေ့များတွင် ပွဲမစတင်မီကတည်းက ဘတ်စ်ကားမှတ်တိုင်အသစ်များစိုက်ထူပြီး ရန်ကုန်မြို့မှ ဟီးနိုးကားသစ်ကြီးများပေးပို့ကာ ဘုရားကြီး၊ ဈေးချို၊ အနောက်ကျုံးလမ်း၊ မန်းရာပြည့်ကွင်း၊ အရှေ့ကျုံးလမ်း၊ မြူနီစီပယ်ရုံး၊ ဘူတာကြီး၊ ဘုရားကြီး... ကို အဆက်မပြတ်ပြေးဆွဲပေးခဲ့သေး၏။ ပြည်ထောင်စုပွဲအပြီးအထိ တစ်လလောက်ကြာမှာပေါ့။ ဒရိုင်ဘာကလည်း ယူနီဖောင်းအသစ်နှင့်၊ တစ်နှစ်တင်က အမျိုးသမီးစပယ်ယာများက ယူနီဖောင်းကိုယ်စီနှင့်မို့ ဟီးနိုးကားမစီးဖူးသော မန္တလေးသားတွေ ကြိတ်ကြိတ်တိုးအားပေးကြသည်။ တစ်နေ့လုံးတစ်ညလုံး ပြေးဆွဲပေးကာ ညရောက်လျှင် ဟီးနိုးကားပေါ် မီးထိန်ထိန်လင်းနေ၏။

### ပြည်ထောင်စုအလံတွေ ရဲရဲနီလို့

ထိုသို့သော ပြည်ထောင်စုနေ့များတွင် မြို့လုံးကျွတ် အိမ်တိုင်းစေ့မှာ ပြည်ထောင်စုအလံတွေ ရဲရဲနီလို့...။ အိမ်အတော်များများက မီးရောင်စုံထွန်းညှိလို့...။ ဈေးချို၊ နာရီစင်၊ ဟံသာဝတီသတင်းစာတိုက်၊ မြူနီစီပယ်ရုံး၊ ကြေးနန်းရုံး၊ စာတိုက်ကြီးနှင့် ရုပ်ရှင်ရုံတိုင်းစေ့မီးပဒေသာမီးလုံးရောင်စုံများထွန်းညှိလို့...။ မန်းရာပြည့်ကွင်းမှာ

### လျှပ်စစ်တန်ခိုးဖြင့်

ကျုံးနံဘေးသစ်ပင်တွေမှာပင် ဝါစိမ်းနီပြာ ခရမ်း လျှပ်စစ်မီးပွင့် အရွယ်အစားအမျိုးမျိုး အဆုပ်ဆုပ်ပွင့်ဖူးနေသည်။ ကျုံးရေထဲမှာ ရေပန်းရောင်စုံ..။ မင်္ဂလာတံတား၊ အာဋ္ဌဝီတံတားမှအစ... မေတ္တာပေါင်းကူးတံတားအထိ တံတားရုပ်လုံးအားလုံး လျှပ်စစ်တန်ခိုးဖြင့် ကျုံးရေပြင်မှာ နှစ်ကိုယ်ခွဲပြနေသည်။ ကျုံးမြောက်ဘက် ရာပြည့်ကွင်းထဲမှာလည်း ဆိုင်ခန်းတွေ၊ ပြခန်းတွေ၊ တီးဝိုင်းတွေ၊ အငြိမ့်တွေ၊ ပဒေသာကပွဲတွေဖြင့် ပခုံးချင်းတိုက်မျှ နေရာယူထားကြသည်။ လူသံ၊ သီချင်းသံ၊ ဈေးဝယ်ခေါ်သံ၊ ကုန်ပစ္စည်းကြော်ငြာသံများက သိမ့်သိမ့်လှုပ်နေ၏။ အမြဲတမ်းဦးမော့နေသော ဈေးချိုနာရီစင်ကြီးကလည်း ထိုနေ့တွေမှာ လျှပ်စစ်ဝတ်ရုံသစ်ကြီး ဆင်မြန်းထားသည်။ အာဇာနည်လမ်းတစ်လျှောက် ရိုးကုမ္ပဏီအတက်မှသည် ကြေးနန်းရုံးပေါက်အထိ ခြေကျင်ခရီးသွားများ၊ စက်ဘီးများ၊ မြင်းလှည်းများက လမ်းလုံးပြည့်မျှ အရှေ့သို့ချည်းဦးတည်နေကြ၏။

### မန္တလေးသို့ပြည်ထောင်စုအလံတော် အလှည့်ကျနားမည့်နှစ်

ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့များတွင်

> နိုင်ငံနှင့်သက်ဆိုင်သော လူထုသဘောဆောင်သည့် အထိမ်းအမှတ်အခမ်းအနားများကို လူထုတစ်ရပ်လုံး ပါဝင်ဆင်နွဲခြင်းဖြင့် နိုင်ငံ၏သမိုင်းကို သိရှိသဘောပေါက်စေခြင်းက လူထုပညာရေးပဲဖြစ်ပါ၏။ နိုင်ငံတော်၏လမ်းစဉ်ကလည်း လူထုကိုကောင်းကျိုးပြုမှ လူထုသဘောဆောင်သည့် အခမ်းအနားကြီးများဖြစ် . . .



ဟီးနိုးကားနှင့် စပယ်ယာ။

လည်း အကယ်၍ မန္တလေးသို့ပြည်ထောင်စုအလံတော် အလှည့်ကျ နားမည့်နှစ်ရောက်လျှင် မန္တလေးတောင်ခြေ ရာပြည့်ကွင်းကြီး၌ ပြည်ထောင်စုပွဲတော်ကြီးကို ခမ်းခမ်းနားနား ကျင်းပသည်။ ရန်ကုန်မြို့(သို့မဟုတ်) ယခင်နှစ်က ပြည်ထောင်စုအလံတော်ရပ်နားခဲ့သော ပြည်နယ်နှင့်တိုင်း မြို့တော်ကြီးများမှ ပြည်ထောင်စုအလံတော်ကို မန္တလေးသို့ လက်ဆင့်ကမ်းသယ်ဆောင်ပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မွန်းမတည့်မီ ရာပြည့်ကွင်းကြီးအလယ်မှ စင်မြင့်သို့ ဆိုက်မြိုက်ရောက်ရှိလာသည်။ ကျုံးနံဘေးမှာ လူတွေ ပွတ်သိပ်ကျပ်၊ ဘင်ခရာသံတွေက သွဲ့သွဲ့...။ ဖြည်းဖြည်းချင်း နီးလာ...။ ညီညာလှပအားမာန်တက်ကြွဖွယ် စစ်တက္ကသိုလ်ဘင်ခရာအဖွဲ့က လမ်းတစ်လျှောက် အလှပြတီးမှုတ်နေသည်။ ရာပြည့်ကွင်းကြီးထဲမှာ မီးသတ်ယာဉ်များဖြင့် ပက်ဖျန်းပေးနေသော်လည်း ပရိသတ်များလှ၍ ဖုန်လုံးကြီးထနေသည်။

### သမိုင်းကြေးမုံထင်ဟပ်သည့် ကွင်းကြီး

ညရောက်လျှင် မန္တလေးတောင်ပေါ်မှာလည်း မီးစောင်းတန်းအသွယ်သွယ်...။ ရာပြည့်ကွင်းကြီးထဲမှာလည်း မီးရောင်စုံထိန်ထိန်ညီးကာ မိုးယံဖောက်ထွက်နေ၏။ တကယ်တော့ မန္တလေးတောင်ခြေက ထိုကွင်းကြီးမှာ ၁၃၂၁ ခုနှစ် မန္တလေးနှစ်တစ်ရာပြည့်ပွဲကြီး ခမ်းခမ်းနားနားကျင်းပခဲ့သည်မို့ 'ရာပြည့်' ကွင်းဟု အမည်တွင်ခဲ့သည်။ ရာပြည့်ကွင်းကြီးမှာ ထိုကဲ့သို့ မြို့လူထုနှင့်သက်ဆိုင်သည့် ရာပြည့်ပွဲ၊ ပြည်ထောင်စုပွဲ၊ အခြားလူထုအစည်းအဝေးပွဲကြီးတွေကျင်းပခဲ့သည်။ ထို့ပြင် မြို့၏အထင် ကရ ဆရာတော်ကြီးများ၏ ဘုန်းကြီးပျံပွဲကြီးများလည်း ရာပြည့်ကွင်းကြီးမှာပဲ အစဉ်အဆက်ကျင်းပခဲ့၏။ မန္တလေး၏ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ သမိုင်းကြေးမုံထင်ဟပ်သည့် ကွင်းကြီးတစ်ကွင်းဖြစ်သည်။ ယခု ရတနာပုံတိရစ္ဆာန်ဥယျာဉ် နေရာကွင်းကြီးပေါ့။ ထိုကဲ့သို့သော ရာပြည့်ကွင်းကြီးမှာ ပြည်ထောင်စုနေ့ကဲ့သို့ အခမ်းအနားကြီးများကျင်းပသောအခါ မြောက်ဘက် ကျုံးအတွင်း၌ လှေပြိုင်ပွဲများ၊ မြောက်ဘက် ကျုံးနှင့် မြို့ရိုးကြားမြေကွက်လပ်၌ လှည်းပြိုင်ပွဲများ ကျင်းပခဲ့သည်။

သည်မြင်ကွင်းတွေက ဘာမှမကြာလိုက်....။ ပွဲပြီးတာနှင့် အိပ်မက်ပမာလွင့်ပျံထွက်ပြေးသွား...။ ကွင်းခေါင်ခေါင်မှာ နှင်းမှုန်များပဲ ကျန်ရစ်ပေါ့...။

### လူထုသဘောဆောင်သည့် အခမ်းအနားကြီးများ

နိုင်ငံနှင့်သက်ဆိုင်သော လူထုသဘောဆောင်သည့် အထိမ်းအမှတ်အခမ်းအနားများကို လူထုတစ်ရပ်လုံး ပါဝင်ဆင်နွဲခြင်းဖြင့် နိုင်ငံ၏သမိုင်းကို သိရှိသဘောပေါက်စေခြင်းက လူထုပညာရေးပဲဖြစ်ပါ၏။ နိုင်ငံတော်၏လမ်းစဉ်ကလည်း လူထုကိုကောင်းကျိုးပြုမှ လူထုသဘောဆောင်သည့် အခမ်းအနားကြီးများဖြစ်မည်။ လူထုပညာရေးက လူထုအစိုးရဖြစ်မှုနှင့် တိုက်ရိုက်အချိုးကျသည့်သဘော... ။ ။



## ကချင်ပြည်နယ်အတွင်း နှစ်ဦးကောက်သစ်စားပွဲကျင်းပ

**မိုးကောင်း ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ်အတွင်း အတူတကွမှီတင်းနေထိုင်ကြသည့် အတူနေဌာနေတိုင်းရင်းသားများ၏ ဒုတိယအကြိမ်မြောက် နှစ်ဦးကောက်သစ်စားပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက မိုးကောင်းမြို့နယ် နမ္မနကျေးရွာဘောလုံးကွင်း၌ ကျင်းပသည်။

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားကာ ပွဲဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်ညွန့်က ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားမျိုးနွယ်စုအကအဖွဲ့များ၊ ဒေသခံအကအဖွဲ့များက ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

၂၂။ သက်ဆိုင်ရာမြို့နယ်အမျိုးသမီးကော်မတီသည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ယာယီအကာအကွယ်ပေးရေးအစီအမံကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ပါ ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ရမည်-

(က) အရေးပေါ်လုံခြုံသော ယာယီစောင့်ရှောက်ရေးနေရာနှင့် အရေးပေါ်လိုအပ်သည့် ဝန်ဆောင်မှုများအတွက် ဝန်ဆောင်မှုရရှိနိုင်ရန် ဆောင်ရွက်ပေးသူ၊

(ခ) အကြမ်းဖက်ခံရသူအား ယာယီစောင့်ရှောက်ရေးနေရာသို့ ရွှေ့ပြောင်းရာတွင် မြို့နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင် ဖြစ်သည့် ရဲတပ်ဖွဲ့ကိုယ်စားလှယ် သို့မဟုတ် ရဲအရာရှိတစ်ဦးဦး၊

(ဂ) အရေးပေါ် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ၊

(ဃ) အကြမ်းဖက်ခံရသူ၏ပစ္စည်းများကို ၎င်းနေထိုင်ရာနေရာမှ သွားရောက်ယူရာတွင် အကြမ်းဖက်ခံရသူနှင့်အတူ လိုက်ပါပေးရန် မြို့နယ်အမျိုးသမီးကော်မတီ အဖွဲ့ဝင်ဖြစ်သည့်ရဲတပ်ဖွဲ့ကိုယ်စားလှယ် သို့မဟုတ် ရဲအရာရှိတစ်ဦးဦးနှင့်အတူ အခြားကော်မတီဝင် တစ်ဦးဦး။

၂၃။ သက်ဆိုင်ရာ မြို့နယ်အမျိုးသမီးကော်မတီသည် ယာယီအကာအကွယ်ပေးရေး အစီအမံဆောင်ရွက်နေစဉ်ကာလအတွင်း အကြမ်းဖက်ခံရသူက အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်လျှောက်ထားနိုင်ရေးအတွက် အကူအညီပေးရမည်။

**အခန်း (၆)**

**အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်**

၂၄။ အကြမ်းဖက်မှုကျူးလွန်သည့်ပြစ်မှုကို တရားရုံးသို့ တရားစွဲဆိုနိုင်ရေး စီစဉ်ဆောင်ရွက်နေသည့် ကာလအတွင်းတွင်ဖြစ်စေ၊ တရားစွဲဆိုထားသည့် ကာလအတွင်းတွင်ဖြစ်စေ အကြမ်းဖက်မှုကျူးလွန်သူကို လျှောက်ထားခံရသူအဖြစ်ဖော်ပြ၍လျှောက်ထားသူအဖြစ် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးက အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ထုတ်ပေးရန် သက်ဆိုင်ရာတရားရုံး တစ်ခုခုသို့ လျှောက်ထားနိုင်သည်-

(က) အကြမ်းဖက်ခံရသူကိုယ်တိုင်၊

(ခ) အကြမ်းဖက်ခံရသူ၏မိဘ သို့မဟုတ် အုပ်ထိန်းသူ၊

(ဂ) အကြမ်းဖက်ခံရသူ၏သွေးရင်းမိသားစုဝင်သို့မဟုတ်အိမ်ထောင်စုဝင်၊

(ဃ) လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူ၊

(င) ရဲအရာရှိ၊

(စ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊

(ဆ) ဝန်ဆောင်မှု ရရှိနိုင်ရန် ဆောင်ရွက်ပေးသူ၊

(ဇ) အကာအကွယ်ပေးရန်တာဝန်ရှိသူ။

၂၅။ လျှောက်ထားသူသည် အကြမ်းဖက်ခံရသူ ကိုယ်တိုင်မဟုတ်ပါက အကြမ်းဖက်ခံရသူ၏ ခွင့်ပြုချက်ကိုဖြစ်စေ၊ အကြမ်းဖက်ခံရသူကခွင့်ပြုချက်မပေးနိုင်ပါက ကျိုးကြောင်းဖော်ပြချက်ကိုဖြစ်စေ ပူးတွဲတင်ပြရမည်။

၂၆။ သက်ဆိုင်ရာတရားရုံးသည် ပုဒ်မ ၂၄ အရ အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ထုတ်ဆင့်ပေးရန် တောင်းဆိုလျှောက်ထားမှုနှင့်စပ်လျဉ်း၍ -

(က) တောင်းဆိုလျှောက်ထားသည့်နေ့တွင် လျှောက်ထားသူနှင့် အကြမ်းဖက်မှု ကျူးလွန်ကြောင်း လျှောက်ထားခံရသူတို့ကို စစ်ဆေး၍ လိုအပ်ပါက လျှောက်ထားသူက ပြသောသက်သေများကို စစ်ဆေးပြီး အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ကို ဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါစစ်ဆေးချက်အရ လုံလောက်မှုမရှိပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ စခန်းသို့ စုံစမ်းစစ်ဆေးစေပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို တင်ပြသည့်အခါ အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ကိုဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရမည်။

(ဂ) တောင်းဆိုလျှောက်ထားသည့်နေ့တွင် အကြမ်းဖက်မှုကျူးလွန်ကြောင်း လျှောက်ထားခံရသူကို စစ်ဆေး၍မရနိုင်ပါက လျှောက်ထားသူနှင့် လိုအပ်ပါက လျှောက်ထားသူက ပြသောသက်သေများကိုစစ်ဆေးပြီး လျှောက်ထားခံရသူအား ဆောလျင်စွာဆင့်ဆိုရမည်။ လျှောက်ထားခံရသူ ရုံးရှေ့ရောက်ရှိလျှင် ၎င်းနှင့် ၎င်းကတင်ပြသည့် သက်သေများကို စစ်ဆေး၍ အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ကိုဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရမည်။ အကယ်၍ဆင့်ဆိုသော်လည်း လျှောက်ထားခံရသူ လာရောက်ထုချေ ဖြေရှင်းရန်ပျက်ကွက်ပါက ၎င်း၏မျက်ကွယ်တွင် အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ကို ဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရမည်။

(ဃ) အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ကိုဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့် အမိန့်ကိုဖြစ်စေ စတင်လျှောက်ထားသည့်နေ့မှ ၁၄ ရက်အတွင်း အမိန့်ချမှတ်ရမည်။

၂၇။ သက်ဆိုင်ရာတရားရုံးသည် အကာအကွယ်ပေးရေးဆိုင်ရာ အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ရမည် -

(က) အကြမ်းဖက်မှုကျူးလွန်ကြောင်း လျှောက်ထားခံရသူကိုဖြစ်စေ၊ ထိုသို့ကျူးလွန်ရာတွင် အားပေးကူညီသူတစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခံရသူအားထပ်မံ၍ ခြိမ်းခြောက်ခြင်း သို့မဟုတ် အကြမ်းဖက်မှု ကျူးလွန်ခြင်းမပြုရန် တားမြစ်သည့်အမိန့်၊

(ခ) အကြမ်းဖက်မှုကျူးလွန်ကြောင်း လျှောက်ထားခံရသူက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ အကြမ်းဖက်ခံရသူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်၍နှောင့်ယှက်မှု သို့မဟုတ် စိတ်ငြိုငြင်စေမှုမပြုရန် တားမြစ်သည့်အမိန့်၊

(ဂ) အကြမ်းဖက်မှုကျူးလွန်ခံရသူနှင့်သက်ဆိုင်သည့် လိင်ပိုင်းဆိုင်ရာ ရုပ်ပုံများ၊ လိင်သဘောသက်ရောက်သည့် ပြောဆိုရေးသားမှုများအား ဖြန့်ချိခြင်း၊ ထုတ်ဝေခြင်း၊ ထုတ်လွှင့်ခြင်း၊ အသံလွှင့်ခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အများပြည်သူနှင့် ဆိုင်သောနေရာတွင် ထားရှိခြင်းများမပြုရန် အကြမ်းဖက်မှု ကျူးလွန်သူကို တားမြစ်သည့်အမိန့်၊

(ဃ) အကြမ်းဖက်မှုကျူးလွန်ခံရသူသို့ လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် ချမှတ်သည့်အမိန့်၊

(င) အခြားသင့်လျော်သော အကာအကွယ်ပေးရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်။

၂၈။ တရားရုံးက ပုဒ်မ ၂၆ အရ ချမှတ်သည့်အမိန့်တစ်ရပ်ရပ်အပေါ် မကျေနပ်သော လျှောက်ထားသူကဖြစ်စေ၊ အကြမ်းဖက်ခံရသူကဖြစ်စေ၊ အကြမ်းဖက်မှု ကျူးလွန်ကြောင်း လျှောက်ထားခံရသူကဖြစ်စေ အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်ရန် အဆင့်မြင့် တရားရုံးသို့ ဥပဒေနှင့်အညီ ပြင်ဆင်ခွင့်လျှောက်ထားနိုင်သည်။

၂၉။ သက်ဆိုင်ရာ အဆင့်မြင့်တရားရုံးသည် ပုဒ်မ ၂၈ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၂၆ အရ ချမှတ်သော အမိန့်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**အခန်း (၇)**

**အကြမ်းဖက်ခံရသူအား အကာအကွယ်ပေးရန် တာဝန်ရှိသူ၏ လုပ်ငန်းတာဝန်များ**

၃၀။ အကာအကွယ်ပေးရန် တာဝန်ရှိသူသည် အကြမ်းဖက်ခံရသူအား ကာကွယ်စောင့်ရှောက်ရာတွင် အောက်ပါအချက်များကို အခြေခံသည့် ဝန်ဆောင်မှုများ ပေးရမည် -

(က) အကြမ်းဖက်ခံရသူ၏ လုံခြုံမှု၊

(ခ) အကြမ်းဖက်ခံရသူနှင့် စပ်လျဉ်းသည့် အချက်အလက်များကို လျှို့ဝှက်ထားရှိမှု၊

(ဂ) လေးစားမှု၊

(ဃ) ခွဲခြားဆက်ဆံမှုမရှိခြင်း။

၃၁။ အကာအကွယ်ပေးရန် တာဝန်ရှိသူသည် သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများအား လူ့အခွင့်အရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ လမ်းညွှန်အခြေခံမူများ၊ ခွဲခြားမှုမရှိစေရေး မူဝါဒများကို လေ့ကျင့်သင်ကြားပေးရမည်။

၃၂။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့သည် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ -

(က) သတင်းပေးတိုင်တန်းသူနှင့် အကြမ်းဖက်ခံရသူ၏ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးရမည်၊

(ခ) သတင်းပေးတိုင်တန်းသူနှင့် အကြမ်းဖက်ခံရသူတို့၏အမည်၊ ဓာတ်ပုံနှင့် သတင်းအချက်အလက်များအား ပုံနှိပ်ဖြန့်ချိခြင်း၊ အသံလွှင့်ခြင်းနှင့် သတင်းမီဒီယာများအား ထုတ်ဖော်ပြောဆိုခြင်းမပြုရ။ အမှုကိုစုံစမ်းထောက်လှမ်းနေစဉ်အတွင်း သတင်းပေးတိုင်ကြားသူနှင့် အကြမ်းဖက်ခံရသူတို့၏ဂုဏ်သိက္ခာနှင့် လုံခြုံမှုကို အလေးထားဆောင်ရွက်ရမည်၊

(ဂ) အမျိုးသမီးရဲဝန်ထမ်းများရှိပါက ဖြစ်နိုင်သမျှ ၎င်းတို့အား တာဝန်ပေး၍ စုံစမ်းစစ်ဆေးစေရမည်။

၃၃။ သက်ဆိုင်ရာရဲစခန်းတွင် သတင်းပေးတိုင်တန်းခြင်းမရှိသော်လည်း ကျန်းမာရေး စောင့်ရှောက်မှုပေးသူသည် အကြမ်းဖက်ခံရသူအား သတ်မှတ်ချက်များနှင့်အညီ လိုအပ်သော အောက်ပါဝန်ဆောင်မှုကို ဆောင်ရွက်ပေးရမည်-

(က) အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများ ပေးခြင်း၊ လိုအပ်ပါက ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုပေးခြင်း၊

(ခ) အရေးပေါ်ပဋိသန္ဓေတားခြင်း၊ မျိုးပွားမှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးခြင်း၊

(ဂ) ခုခံအားကျဆင်းမှု ကူးစက်ရောဂါအပါအဝင် လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို စမ်းသပ်စစ်ဆေးခြင်းနှင့် ကုသပေးခြင်း၊

(ဃ) အခြားလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် သင့်လျော်သော ကျန်းမာရေးဌာနများသို့ ဆက်လက်လွှဲပြောင်းပေးပို့ခြင်း။

၃၄။ သက်ဆိုင်ရာရဲစခန်းတွင် သတင်းပေးတိုင်တန်းခြင်းမရှိသော်လည်း ဝန်ဆောင်မှုရရှိနိုင်ရန် ဆောင်ရွက်ပေးသူသည် အကြမ်းဖက်ခံရသူအား သတ်မှတ်ချက်များနှင့်အညီ လိုအပ်သော အောက်ပါဝန်ဆောင်မှု ဆောင်ရွက်ပေးရမည် -

(က) ယာယီအကာအကွယ်ပေးရေး အစီအမံလျှောက်ထားသည့်ကိစ္စကို အကူအညီပေးခြင်း သို့မဟုတ် ယင်းအစီအမံလျှောက်ထားရာတွင် အကြမ်းဖက်ခံရသူ၏ ခွင့်ပြုချက်ဖြင့် ကိုယ်စားလျှောက်ထားခြင်း၊

(ခ) အကြမ်းဖက်ခံရသူ ရခွင့်ရှိသည့် ဝန်ဆောင်မှုရရှိရန် ချက်ချင်းအသိပေးခြင်းနှင့် လိုအပ်ပါက အဆိုပါဝန်ဆောင်မှုကို ရရှိစေရန် ၎င်းကိုယ်စား ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊

(ဂ) မြို့နယ်အမျိုးသမီးကော်မတီက ချမှတ်သည့်ယာယီအကာအကွယ်ပေးရေးအစီအမံကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် အကူအညီများပေးခြင်း။

**အခန်း (၈)**

**အကြမ်းဖက်မှုကို စစ်ဆေးခြင်း**

၃၅။ သက်ဆိုင်ရာ တရားရုံးသည် -

(က) အကြမ်းဖက်ခံရသူကို စစ်ဆေးရာတွင် လိုအပ်ပါက သီးသန့်လုံခြုံသည့်အခန်းတွင် စစ်ဆေးရမည်။

(ခ) အကြမ်းဖက်ခံရသူ၏ သဘောတူညီမှုမရှိဘဲ သတင်းမီဒီယာများအား အများပြည်သူသိရှိရန် ထုတ်ဖော်တင်ပြခွင့်မပြုရ။

(ဂ) လိုအပ်ပါက အမှုတွင် စကားပြန်ထားရှိနိုင်ရန် စီစဉ်ပေးရမည်။

(ဃ) ကိုယ်တိုင်ထွက်ဆိုနိုင်ခြင်းမရှိသော မသန်စွမ်းသူအမှုသည်၊ သက်သေဖြစ်ပါက ၎င်းတို့နားလည်နိုင်စွမ်းရှိသည့်အမူအရာ၊ သင်္ကေတဖြင့်လည်းကောင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ၏ အကူအညီဖြင့်လည်းကောင်း စစ်ဆေးရမည်၊

(င) အကြမ်းဖက်ခံရသူကို စစ်ဆေးရာတွင် လိုအပ်ပါက အကြမ်းဖက်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသူနှင့် အခန်းတစ်ခုတည်းထားရှိ စစ်ဆေးခြင်း မပြုရ။

(စ) သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းပြုရာ၌ တရားခွင်ရှိ သက်ဆိုင်သည့်ပုဂ္ဂိုလ်၊ အကြမ်းဖက်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသူနှင့် သက်သေများ မြင်နိုင်၊ ကြားနိုင်၊ မေးမြန်းနိုင်၊ ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြားမြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်သည်။

**အခန်း (၉)**

**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ**

၃၆။ မည်သူမျှ အမျိုးသမီးတစ်ဦးဦးအား စိုးရိမ်ထိတ်လန့် ကြောက်ရွံ့မှုကိုဖြစ်စေသည့် အောက်ဖော်ပြပါပြုလုပ်မှုတစ်ခုခုကို မပြုရ -

(က) သွားလာတတ်သောနေရာများသို့ လူကိုယ်တိုင် နောက်ယောင်ခံ၍ နှောင့်ယှက်ခြင်း၊ ချောင်းမြောင်းကြည့်ရှုခြင်း၊

(ခ) အမျိုးသမီးတစ်ဦးကိုဖြစ်စေ၊ ၎င်း၏မိသားစု၊ မိတ်ဆွေ၊ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များကိုဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ခြိမ်းခြောက်ခြင်း၊

(ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ ဆက်သွယ်နှောင့်ယှက်မှုပြုခြင်း။

၃၇။ မည်သူမျှ အမျိုးသမီးတစ်ဦးဦးကို ထိခိုက်နစ်နာမှုဖြစ်စေသည့် အောက်ပါ ပြုလုပ်မှုတစ်ခုခုကို မပြုရ -

(က) အနိုင်အထက်ပြု၍ လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း၊

(ခ) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ရပ် ဖြစ်ပွားပြီးနောက်တွင် အကြမ်းဖက်ခံရသူကို ဖိအားပေး၊ အကျပ်ကိုင်၍မလျော်ဩဇာသုံးပြီး ထိုအကြမ်းဖက်ကျူးလွန်သူနှင့် အတင်းအကျပ် လက်ထပ်ပေးခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် မင်းတပ်မြို့နယ်တွင် ဝဥလွှာခြောက်စက်ရုံဖွင့်ပွဲတက်ရောက်

**မင်းတပ် ဇန်နဝါရီ ၂၆**

ချင်းပြည်နယ် မင်းတပ်မြို့နယ် လာလောင်ထွီးကျေးရွာအုပ်စု ထင်ချောင်းကျေးရွာတွင် ချင်းတောင်ရတနာကုမ္ပဏီမှ ဝဥလွှာခြောက်စက်ရုံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါစက်ရုံရှေ့တွင် ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးတိတ်ထန်း၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အဖွင့်အမှာစကားပြောကြားပြီး စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က နိုင်ငံတကာအဆင့်မီ ဝဥခြောက်စက်ရုံတည်ထောင်သည်မှာ စိုက်ပျိုးသူ၊ ထုတ်လုပ်သူ နှစ်ဦးနှစ်ဖက်ဟန်ချက်ညီမှသာလျှင် ရေရှည်တည်တံ့လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ဝဥစိုက်တောင်သူများအား ဈေးငွေထုတ်ပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ထားမှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် MFVP (Dana Facility) မှ တာဝန်ရှိသူတစ်ဦးက ချင်းပြည်နယ် (တောင်ပိုင်း) မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာတွင် ဝဥလွှာခြောက်စက်ရုံတည်ထောင်ခြင်း၊ ချင်းပြည်နယ် (မြောက်ပိုင်း) ၌ ပိုးထည်၊ ထေ၊ပတ် စသည့်ကဏ္ဍအတွက် ဒေသနှင့်ကိုက်ညီသည့် အသေးစားလုပ်ငန်းများဆောင်ရွက်ခြင်းကို တောင်သူ၊ အစိုးရ၊ ကုမ္ပဏီ သုံးပွင့်ဆိုင်အကျိုးအမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ ချင်းတောင်ရတနာကုမ္ပဏီမန်နေဂျာ ဒေါ်စန္ဒာမျိုးက ဝဥလွှာခြောက်စက်ရုံကို မင်းတပ်၊ ကန်ပက်လက်၊ မတူပီ သုံးမြို့နယ်အတွက် ဦးတည်၍ ဝဥစိုက်တောင်သူ ၄၂ ဦး၏ ရှယ်ယာပါဝင်မှုဖြင့် စက်ရုံရေရှည်တည်တံ့လည်ပတ်နိုင်ရေးနှင့် အကျိုးတူလယ်ယာဘဏ် ကန်ထရိုက် စနစ်ဖြင့် ဆောင်ရွက်သွားမည့်ကိစ္စများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**





## ကချင်ပြည်နယ်ဝန်ကြီးချုပ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက် အောက်ဘမ်လော်ဝေါ်ကျမ်းစာသင်ကျောင်း၌ ကျောင်းအုပ်ဆရာကြီးအပါအဝင်၊ လော်ဝေါ်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံလော်ဝေါ်တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူ့အင်အားသည် အရေးကြီးသည်ဟု ခံယူကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ငြိမ်းချမ်းရေးအပါအဝင် အဘက်ဘက်မှ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကလည်း မိမိတို့နှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး သိက္ခာတော်ရ ဒေါက်တာလွမ်းခေါင်က လော်ဝေါ်ရိုးရာ ခေါင်းပေါင်း၊ ဓားလွယ်နှင့် ကောက်ညှင်းပလိုင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်ထံပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ကျမ်းစာကျောင်းအတွက် အလှူငွေ ငါးသိန်းကို ထောက်ပံ့ပေးအပ်ကာ လော်ဝေါ်တိုင်းရင်းသားတို့၏ ရှေးဦးရိုးရာအကဖြစ်သည့် ဂျီဂေါ့အကနှင့် ရိုးရာအကတို့ဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းပတ်လမ်းဖောက်လုပ်နိုင်ရေး ကြည့်ရှုသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ဝိုင်းမော်မြို့နယ်အတွင်းရှိ လာချိတ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ရိုးရာမနောကွင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အိမ်တော်၌ စာပေယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံကာ မနောကွင်းအတွင်း ပတ်လမ်းဖောက်လုပ်ပေးနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်

**ဒိုက်ဦး ဇန်နဝါရီ ၂၆။** ။ ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ကျေးရွာအုပ်စု ဆင်ဇလုပ်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းကာ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား ၂၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

ကျော်ကျော် (ပြန်/ ဆက်)

## မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီရောဂါအဖွဲ့ နယ်လှည့်ကွင်းဆင်းဆေးကုသ

**သာယာဝတီ ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီရောဂါပညာအဖွဲ့မှ ပါမောက္ခ ဦးတင်မောင်ချို၊ ပါမောက္ခ ဦးရဲထွန်း(အဆုတ်နှင့် ရင်ခေါင်းအထူးကု)၊ ဒေါက်တာ ဦးဝင်းမောင် (တီဘီရောဂါအထူးကု ဆရာဝန်ကြီး) တို့ ဦးဆောင်၍ ဓာတ်ခွဲ၊ ဓာတ်မှန်၊ သူနာပြုနှင့် ဆေးဝါးကျွမ်းကျင် ၅၀ ခန့်သည် သာယာဝတီခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြည်သူလူထုအား ဆေးဝါးကုသခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် တစ်နှစ်လျှင်တစ်ကြိမ် အဆုတ်နှင့်တီဘီရောဂါများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် အခြေခံအထွေထွေရောဂါ၊ အဆုတ်နှင့် ရင်ခေါင်းရောဂါ၊ တီဘီရောဂါများ စမ်းသပ်ရှာဖွေကုသခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးပေးခြင်း၊ ဆီးချို၊ သွေးတိုးရောဂါများ စစ်ဆေးပေးခြင်း၊ အသည်းရောင်အသားဝါ (ဘီ) ပိုး၊ (စီ)ပိုး၊ HIV ပိုး စစ်ဆေးပေးခြင်း၊ အဆုတ်အားမှုတ်ခြင်းများကိုလည်း ပြုလုပ်ပေးခဲ့သည်။

ထို့ပြင် ရောဂါများကိုကုသမှုပေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာနေရာများတွင် ဆက်လက်ကုသမှုခံယူစေခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေး ငြိမ်း၊ လက်ထောက်ညွှန်ကြားရေးမှူး (တီဘီ-အနာကြီး) ဒေါက်တာဆွေဆွေသန်းနှင့်အဖွဲ့များ၊ သာယာဝတီခရိုင် ဆေးရုံအုပ် ဒေါက်တာသူရ၊ ဒုခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းနိုင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ပြီး သာယာဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ ၁၀၀၀ ကျော်တို့ လာရောက်ဆေးကုသကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## အခြေခံပညာကျောင်းနှင့် တက္ကသိုလ်/ကောလိပ်များတွင် ကင်းထောက်အခြေခံသင်တန်းများဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များတွင် ကင်းထောက်ပညာရပ်များ သင်ကြားပို့ချရေး အစီအစဉ်အရ ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ကင်းထောက်အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကင်းထောက်လူငယ်များက "ကင်းထောက်ဂုဏ်ရည်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက နှုတ်ခွန်းဆက်စကားပြောကြားကာ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က ကင်းထောက်ပညာနှင့် ကင်းထောက်အစဉ်အလာတို့ကို ရှင်းလင်းပြောကြားသည်။



ယင်းသင်တန်းသို့ ကျောင်းသား ၇၃ ဦးနှင့် ကျောင်းသူ ၂၃ ဦးတို့ တက်ရောက်၍ သင်တန်းကာလမှာ ဇန်နဝါရီ ၂၉ ရက်အထိဖြစ်ပြီး ကင်းထောက်ပညာရပ်များကို တက္ကသိုလ်ကင်းထောက်လူငယ်များက လေ့ကျင့်သင်ကြားပို့ချပေးခြင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းက ယင်းတက္ကသိုလ်တွင် ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ ကင်းထောက်ငယ် သင်တန်းတာဝန်ခံ ဒေါ်သစ်သစ်ဦး၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ကင်းထောက်တာဝန်ခံ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်သက်သက်မြိုင်နှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၁၁၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဖြစ်သည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ ကင်းထောက်ငယ် သင်တန်းတာဝန်ခံ ဒေါ်သစ်သစ်ဦးတို့ထံမှ သင်တန်းဆင်း ကင်းထောက်များက ကတိခံယူကြပြီး သင်တန်းဆင်းလက်မှတ်နှင့် တစ်ဦးချင်း စွမ်းရည်ထူးချွန်ဆု၊ ကင်းစုအလိုက် ဆုရသူများကို တာဝန်ရှိသူများက ပေးအပ်ပြီး သင်တန်းကာလ လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းများ ပြသကာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး "ငြိမ်းချမ်းရေးသံတမန်များ" တေးသီချင်းကို ကင်းထောက်လူငယ်များက ဖျော်ဖြေခဲ့ကြကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ သိရသည်။

**ကြေးမုံ**

## ကသာမြို့နယ်၌ စာရေးကိရိယာလှူဒါန်းပွဲနှင့် အသိပညာပေး ဟောပြောပွဲပြုလုပ်

**ကသာ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (ပရဟိတဘဝမြှင့်တင်ရေး) တောင်ပေါ်ကျောင်းတိုက်သို့ ကသာမြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပသော စာရေးကိရိယာလှူဒါန်းပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် KG တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ ၄၃၃ ဦးနှင့် စေတနာရှင်ဆရာမ ၂၀ ရှိကြောင်း သိရသည်။ ကသာမြို့နယ် စာရေးဆရာအသင်း နှင့် စေတနာရှင်များက လှူဒါန်းသော စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူ ၄၃၃ ဦးသို့လည်းကောင်း၊ စေတနာရှင်ဆရာမ ၂၀ အတွက် ငွေကျပ် နှစ်သိန်းနှင့် ကျောင်းအတွက် အထွေထွေအသုံးစားရိတ် ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပြီး တောင်ပေါ်ကျောင်းထိုင်ဆရာတော် ဥူးဇာနုတ္တရကို ငွေကျပ် နှစ်သိန်းကပ်လှူခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## သတင်းစုံကဏ္ဍ

### တောင်ခင်ရန်းရွာ ရာပြည့်မဂ္ဂဇင်းထွက်ရှိ

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းရွာ ရာပြည့်ပွဲကျင်းပရေးကော်မတီက စီစဉ်ထုတ်ဝေသည့် တောင်ခင်ရန်းရွာရာပြည့်မဂ္ဂဇင်းထွက်ရှိသည်။

အဆိုပါမဂ္ဂဇင်းတွင် မာတိကာ၊ ရာပြည့်သြဝါဒကထာရှစ်ပုဒ်၊ ရာပြည့်ဂန္ထဝင်ကဗျာ ၂၅ ပုဒ်၊ ရာပြည့်ဆောင်းပါး ၂၃ ပုဒ်၊ ရာပြည့်မော်ဒန်ကဗျာ ၂၇ ပုဒ်၊ ရာပြည့်အက်ဆေးခြောက်ပုဒ်၊ ရာပြည့်ဝတ္ထုတို ၁၀ ပုဒ်၊ ရာပြည့်ကာတွန်းစသည်များအပြင် ရာပြည့်မှတ်တမ်းဓာတ်ပုံများပါဝင်သည့် စာမျက်နှာ ၂၀၀ ကျော်ဖြင့် ထုတ်ဝေထားသည်။ **စိန်ကျော်**

### ကျေးရွာ ၁၀ ရွာ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ဓနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၌ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားများကို ဇန်နဝါရီ ၂၅ ရက်တွင် ကျေးရွာများရှိ လျှပ်စစ်ထရန်စဖော်မာရှေ့တွင် ပြုလုပ်သည်။

တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မျိုးထက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **ထက်ဝေဖြိုး**

### အခြေခံမဲဆန္ဒရှင်စာရင်းနှင့် မဲရုံစာရင်းများလျာထား

**ယင်းမာပင်**

၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ပါဝင်ဆန္ဒမဲပေးနိုင်မည့် အခြေခံဆန္ဒမဲစာရင်းနှင့် ၎င်းအခြေခံဆန္ဒမဲစာရင်းအရ မဲရုံအရေအတွက်ကို လျာထားပြီးဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်သန့်ထံမှ သိရသည်။

ယင်းမာပင်ခရိုင်အတွင်း စာရင်းပြုစုပြီး အခြေခံမဲဆန္ဒရှင်စာရင်းအရ အခြေခံမဲဆန္ဒရှင် ၄၇၀၃၆၇ ဦး ရှိကြောင်းနှင့် ၎င်းအခြေခံမဲစာရင်းအရ မဲရုံစုစုပေါင်း ၄၇၇ ရုံထားရှိမည်ဖြစ်ကြောင်း သိရသည်။ **သန်းဋ္ဌေးအောင်(ကနီ)**

### သုံးခွမြို့ကျန်းမာသုခဆေးခန်းသို့ ဆေးပစ္စည်းများလှူဒါန်း

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၇) ရပ်ကွက်ရှိ စစ်ကုန်းကျောင်းတိုက်၌ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆရာဝန်များက အခမဲ့ဆေးကုသပေးလျက်ရှိသည်။

ဇန်နဝါရီ ၂၅ ရက် စနေနေ့ နံနက် ၁၁ နာရီက ဦးအောင်ကျော် ဓမ္မသုခပရဟိတမိသားစု(ရန်ကုန်မြို့) က အဆိုပါအခမဲ့ဆေးခန်းသို့ ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ ဆေးဝါးမျိုးစုံနှင့် အာဟာရဒါနများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုကျော်သုံးခွ**

### သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးအကြောင်း ဟောပြော

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်မိုးလွင်သည် ဇန်နဝါရီ ၂၂ ရက်က ကော့ဟတော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများအား ဟောပြောခဲ့ကြောင်း သိရသည်။ **တင်ဝင်းလှိုင်**

# တောင်ဥက္ကလာပမြို့နယ်တွင် ရည်ညွှန်းစာကြည့်တိုက်ဖွင့်လှစ်



**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရည်ညွှန်းစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်ရှိရာ တောင်ဥက္ကလာပ စာတိုက်မှတ်တိုင်အနီး ကုန်းဘောင် (၁၄) လမ်း၌ ကျင်းပသည်။

အဆိုပါရည်ညွှန်းစာကြည့်တိုက်ဖွင့်ပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဆရာမြင်းမူမောင်နိုင်မိုးတို့က ရည်ညွှန်းစာကြည့်တိုက်ဖွင့်လှစ်နိုင်မှုအပေါ် မုဒိတာစကားပြောကြားသည်။

ထိုရည်ညွှန်းစာကြည့်တိုက်သည် မြေအကျယ် ပေ ၃၀-၃၅ ပတ်လည်တွင် နှစ်ထပ်အုတ်ညှပ်အဆောက်အအုံအဖြစ် တည်ဆောက်ထားပြီး တောင်ဥက္ကလာပမြို့နယ်၏ အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆုရ စာရေးဆရာကြီးများ၏ ရေးသားသော စာအုပ်များကို အဓိကထားရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းမှ နာမည်ကျော်စာရေးဆရာကြီးများ၏ သုတ၊ ရသ စာပေအမျိုးမျိုးကို ထားရှိမည်ဖြစ်သည်။

ထို့ပြင် မဂ္ဂဇင်းများ၊ ဝတ္ထုတိုစာအုပ်များ၊ ဆောင်းပါးပေါင်းချုပ်နှင့် မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ်၊ နက္ခတ္တဗေဒင်ခြည် မဂ္ဂဇင်းစာတွဲများနှင့် အခြားစာပေအမျိုးမျိုးအပါအဝင် စာအုပ်ပေါင်း ၂၀၀၀ ကျော်ရှိပြီး နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များကိုထားရှိ၍ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ကာ စာအုပ်များ ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**

# အသိပညာဖြန့်ဝေခြင်း လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေး



**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့် Habitat for Humanity Myanmar အဖွဲ့တွေ့ဆုံဆွေးနွေးညှိနှိုင်းပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများထံ အသိပညာဖြန့်ဝေခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် ကင်းထောက်လူငယ်များအား ဘာသာရပ်အလိုက် သက်ဆိုင်ရာသင်တန်းကျောင်းတွင် ဗဟိုအဆင့် သင်တန်းပေးခြင်း၊ သင်တန်းဆင်းကင်းထောက်လူငယ်များက စီမံကိန်းဒေသများရှိ ကျောင်းများနှင့် တက္ကသိုလ်များတွင် ဆင့်ပွားပို့ချခြင်း၊ ရပ်ရွာအခြေပြုသင်တန်းများပေးခြင်း၊ ပညာပေးအထောက်အကူပြု လက်ကမ်းစာစောင်များ၊ စာစဉ်များဝေငှခြင်း လုပ်ငန်းတို့ကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် Habitat for Humanity International–Asia Pacific မှ Associate Director Ms.Amelia Hernandez Esteban နှင့် Habitat for Humanity Myanmar မှ Senior Manager ဦးရဲဝင်းထွန်းတို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့သည် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ပြည်သူများထံ အသိပညာဖြန့်ဝေခြင်းကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။ **မြန်မာနိုင်ငံကင်းထောက်အဖွဲ့**

# မြို့နယ်အဆင့် ပြည်သူလူထုတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရန်ကုန်-ပြည် ကားလမ်းမကြီးအနီးရှိ မြို့နယ်အားကစားရုံတွင် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်အဆင့် ပြည်သူလူထုတွေ့ဆုံပွဲ ကျင်းပရာ မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင့်ဆွေက ပြစ်မှုကျူးလွန်သူများအား အရေးယူဆောင်ရွက်ထားသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဟန်စိုး**

# အနုပညာပြပွဲမှရောင်းရငွေများအား မသန်စွမ်းသူများအတွက် ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရှင်သန်လိုက်စမ်းပါ ၂၀၂၀ အနုပညာပြပွဲအမည်ဖြင့် ပန်းချီ၊ ဓာတ်ပုံနှင့် မြန်မာ့လက်မှုအနုပညာရှင်များ ပူးပေါင်းပါဝင်သော အနုပညာပြပွဲအား မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကျိုက်ဝိုင်းမသန်စွမ်းသက်ငယ်သင်တန်းကျောင်း အနုပညာခန်းမ၌ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းမှစတင်၍ ခင်းကျင်းပြသလျက်ရှိရာ လာရောက်လေ့လာကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပြပွဲ၌ ပန်းချီပညာရှင် ငါးဦးအပါအဝင် ဓာတ်ပုံနှင့် မြန်မာ့လက်မှုအနုပညာရှင် ၁၈ ဦးတို့က ဖန်တီးထားသော ပန်းချီဓာတ်ပုံကားချပ် ၇၅ ကားကို ဇန်နဝါရီ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။

ရောင်းချရရှိငွေများအား ကျိုက်ဝိုင်းမသန်စွမ်းသက်ငယ်သင်တန်းကျောင်းရှိ မသန်စွမ်းသူများအတွက် ထောက်ပံ့ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါအနုပညာပြပွဲအတွက် ပူးပေါင်းပါဝင်ထောက်ပံ့လှူဒါန်းသည့် အရှေ့တောင်အာရှလူငယ်အမျိုးသမီးခေါင်းဆောင်ဖြစ်သော မမေမျိုးခိုင်က ပြောကြားသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



# ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ (ဗဟိုအဆင့်) နှုတ်ဖြေစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် မြို့တော်ဝန်ဆု တတိယအကြိမ် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ (ဗဟိုအဆင့်) နှုတ်ဖြေပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည်။



မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့မှ ကျောင်းသား ကျောင်းသူ ၆၀ ဖြေဆိုခဲ့ကြပြီး စာပေပညာရှင်ကြီးများဖြစ်ကြသည့် ဆရာဦးကောင်းသန့်၊ ဆရာဦးဟိန်းလတ်နှင့် ဆရာမဒေါ်နှင်းဝေငြိမ်းတို့က အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဆရာဒေါက်တာဦးထွန်းတင့်၊ ဆရာဦးကြည်သန်းနှင့် ဆရာကိုမျိုး (မြန်မာစာ) တို့က အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဆရာကြီးဂုဏ်ထူးဦးသိန်းနိုင်၊ ဆရာကြီးဦးတင်လှိုင်နှင့် ဆရာဇူးကျော်(လင်းလွန်းခင်စာပေ) တို့က မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ပြည်သူ့နီတိနှင့်ပတ်သက်သော နှုတ်ဖြေမေးခွန်းများနှင့် အထွေထွေဗဟုသုတများကို စစ်ဆေးမေးမြန်းခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများအား နှုတ်ဖြေစစ်ဆေးရာသို့ တတိယအကြိမ် ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲကျင်းပရေးနာယက ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ **မြင့်စိုး**

# ၂၀၂၀ ပြည့်နှစ်အလွန် ပြောင်းလဲလာမည့် မြန်မာနှင့် ကမ္ဘာ့ပညာရေးစနစ်များအကြောင်း ဟောပြောပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

၂၀၂၀ ပြည့်နှစ်အလွန် ပြောင်းလဲလာမည့် မြန်မာနှင့် ကမ္ဘာ့ပညာရေးစနစ်များအကြောင်း ဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ သိပ္ပံလမ်းရှိ Mandalay Convention Center ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဟောပြောပွဲတွင် Crown Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ၂၀၂၀ ပြည့်နှစ်အလွန် ပြောင်းလဲလာမည့် မြန်မာနှင့် ကမ္ဘာ့ပညာရေးစနစ်များ အကြောင်းကို ဆွေးနွေးဟောပြောရာ တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးဟောပြောပွဲတွင် ကျောင်းသားများနှင့် မိဘများအတွက် ကြိုတင်ပြင်ဆင်ရမည့် အကြောင်းများ၊ သတိပြုရမည့်အချက်များ၊ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပြည်ပနိုင်ငံတက္ကသိုလ်များတွင် ခေတ်စားလာမည့် ဘာသာရပ် အသစ်များနှင့် ကျောင်းဝင်ခွင့်ဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်း၊ ပြည်ပ ပညာရေးစနစ်အကြောင်းများ အစရှိသော အကြောင်းအရာများအား ဆွေးနွေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ ကျောင်းသားမိဘများနှင့် ကျောင်းသားလူငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# ရေဆိုးထုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီခွဲက ပွင့်ဖြူမြို့နယ်အတွင်း မိုးရာသီကာလ တောင်သူများ သီးနှံစိုက်ပျိုးလယ်မြေများ ရေနစ်မြုပ်မှုအန္တရာယ် ကင်းဝေးစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေဆိုးထုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးသည် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဘိုဘို၊ မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်တို့နှင့်အတူ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့တွင် ရေဆိုးထုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုများနှင့် စိုက်ပျိုးရေ အဆင်ပြေစွာဖြန့်ဝေဆောင်ရွက်ပေးနိုင်ရေး ရေမြောင်းများပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တောင်သူများ ရာသီအလိုက် အဆင်ပြေစွာ သီးနှံစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ရေဆိုးထုတ်မြောင်းများ တူးဖော်ပြီးစီးပါက ကျေးရွာပေါင်းကိုးရွာမှ သီးနှံစိုက်ပျိုးလယ်မြေဧက ၁၁၇၀ ကို ရေနစ်မြုပ်မှုဘေးမှ ကင်းဝေးစေမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံမြို့နယ်ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းထံမှ သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

## သတင်းစုံကဏ္ဍ

### စလင်း၌ အခြေခံဗုဒ္ဓဘာသာ နှုတ်ဖြေစာမေးပွဲ ကျင်းပ

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဓမ္မသုခဓမ္မစကူးမှ ကြီးမှူးပြုလုပ်သော အခြေခံဗုဒ္ဓဘာသာ နှုတ်ဖြေစာမေးပွဲကို ဇန်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဓမ္မသုခရိပ်ကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

သင်တန်းသားတစ်ဦးလျှင် မဲနှိုက်၍ ကျရာမေးခွန်းသုံးခုကို အလွတ်နှုတ်ဖြေဖြေဆိုရကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

### ဂန့်ဂေါ၌ ဂေါ်ဖီထုပ်၊ ပန်းမုန်လာများ လှိုင်လှိုင်ပေါ်

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ်၌ မိုးသီးနှံအပြီးတွင် သီးထပ်စိုက်သည့် ဆောင်းသီးနှံ ဂေါ်ဖီထုပ်၊ ပန်းမုန်လာများ လှိုင်လှိုင်ပေါ်ပြီဖြစ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနေပြီဖြစ်ကြောင်း သိရသည်။

“ဂေါ်ဖီထုပ် အရွယ်အစားအလိုက်ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ ရှိပါတယ်၊ ပန်းမုန်လာပွင့်က ငွေကျပ် ၂၀၀၊ ၃၀၀၊ ၄၀၀ ဝယ်ရတယ်” ဟု ဂန့်ဂေါမြို့ စည်ပင်သာယာမြို့မဈေးတွင် ဈေးဝယ်တစ်ဦးက ပြောကြားသည်။ **စိန်ကျော်**

### ပိုးသတ်ဆေးကြောင့် ငှက်များသိသာစွာလျော့နည်းလာ

**ကသာ**

ဆယ်စုနှစ်သုံးစုအတွင်း ပိုးသတ်ဆေးကြောင့် ငှက်များသိသာစွာလျော့နည်းလာနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ ငှက်လေ့လာနေသူ ဦးစန်းလွင်က သုံးသပ်ထားသည်။

"ကသာမှာ အရင်က ပုစဉ်းထိုးငှက်တွေကို ဧရာဝတီမြစ်ကမ်းတစ်လျှောက် တွေ့ရတယ်၊ အခုနည်းနည်းပဲတွေ့ရတယ်၊ ပုစဉ်းထိုးငှက်က မြစ်ချောင်းကမ်းပါးက ကိုင်းချုံတောကြားတွေက အင်းဆက်ပိုးတွေကို ရှာစားကြတာ တွေ့ရတယ်၊ တောင်သူတွေရဲ့သီးနှံစိုက်ခင်းတွေကို ပုစဉ်းထိုးငှက်တွေက ကာကွယ်ပေးတယ်၊ စိုက်ပျိုးရေးမှာ ပိုးသတ်ဆေးတွေကို သုံးလာတာများတဲ့အတွက် ငှက်တွေသေတယ်" ဟု ဦးစန်းလွင်က ရှင်းပြသည်။

**မျိုးဝင်းထွန်း**

### ဆီစက်လုပ်ငန်း လုပ်ကိုင်သူများပြားသော်လည်း FDA ထောက်ခံချက် ရယူသူနည်းနေ

**မုံရွာ**

ဆီစက်လုပ်ငန်းလုပ်ကိုင်သူ များပြားလျက်ရှိသော်လည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ အစားအသောက်ဘေးကင်းလုံခြုံရေးထောက်ခံချက်ကို ရယူလုပ်ကိုင်သူနည်းပါးနေသေးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာထွန်းလင်းအောင်ထံမှ သိရသည်။

ဆီစက်လုပ်ငန်းများကို မြို့နယ်တိုင်းတွင် လုပ်ကိုင်လျက်ရှိသော်လည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ အစားအသောက်ဘေးကင်းလုံခြုံရေး ထောက်ခံချက်ရယူလုပ်ကိုင်သူ လုပ်ငန်းရှင်လေးဦးသာ ရှိသေးကြောင်း သိရသည်။ **ဝင်းဦး(ဖေယျာတိုင်း)**



ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ သက်မွေးပညာသင်တန်းကျောင်းတွင် အကျဉ်းသားများအသုံးပြုရန် "စိုး"လျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကျော်မင်းထွန်း+ဒေါ်မျိုးမျိုးခိုင် မိသားစုမှ လှူဒါန်းသော ကွန်ပျူတာ ၁၁ လုံးနှင့် ဆက်စပ်ပစ္စည်းများကို "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးအောင်မြင့်ထွန်းက ထောင်ပိုင်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

# ဟားလ်စီးတီးကို အနိုင်ရပြီး ချယ်လ်ဆီးအသင်း အက်ဖ်အေဖလား နောက်တစ်ဆင့်တက်

ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်အဖြစ် ဟားလ်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်လှမ်းခွင့် ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ ပွဲကစားချိန် ခြောက်မိနစ်မှာ ရရှိခဲ့တဲ့ ဘတ်ရှူယာယီရဲ့ သွင်းဂိုးနဲ့ ပထမပိုင်းမှာ ဂိုးစတင်ရရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်မှာ တိုမိုရီက တစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် ချယ်လ်ဆီးအသင်းက နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။ ဟားလ်စီးတီးအသင်းဟာ ချေပဂိုးပြန်လည်ရရှိရေးကြိုးပမ်းရင်း ပွဲကစားချိန် ၇၈ မိနစ်မှာ ဂရိုဆစ်စကီရဲ့ သွင်းဂိုးနဲ့ ချေပဂိုးရရှိခဲ့ပေမယ့် ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိလိုက်တာကြောင့် ၁၉၈၈ ခုနှစ်က ဟားလ်စီးတီးကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ဟားလ်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၁၆ ခုမှာ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပွဲစဉ် ၁၄ မှာ နိုင်ပွဲရရှိခဲ့ပြီး နှစ်ပွဲကတော့ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ဟားလ်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ အက်ဖ်အေဖလားပွဲစဉ်အဖြစ် ၁၁ ကြိမ်အထိ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး ချယ်လ်ဆီးအသင်းက ရှစ်ပွဲနိုင်ပြီး သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အခြားသော အက်ဖ်အေဖလားပွဲစဉ်တွေဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်မှာ မန်စီးတီးအသင်းက လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ထရန်မယ်ရာအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ ပွဲစဉ်မှာ မန်ယူအသင်းက ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။



# လက်ရှိဩစတြေးလျအိုးပင်းတင်းနစ်ချန်ပီယံ ဂျိုကိုဗစ် ဩစတြေးလျအိုးပင်းကွာတားဖိုင်နယ် (၁၁) ကြိမ်မြောက် တက်လှမ်း

ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံဖြစ်တဲ့ ဆားဘီးယားတင်းနစ် အကျော်အမော် ဂျိုကိုဗစ်ဟာ အာဂျင်တီးနားတင်းနစ်ကစားသမား ရှဝါဇ်မန်းကို အနိုင်ရရှိခဲ့တာကြောင့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို (၁၁) ကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ ရှဝါဇ်မန်းကို ၆-၃၊ ၆-၄၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာ ကနေဒါတင်းနစ်ကစားသမား ရာအိုနစ်နဲ့ တွေ့ဆုံမှာဖြစ်ပါတယ်။ ရာအိုနစ်ဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ၂၀၁၈ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့တဲ့ မာရင်စီလစ်ကို ၆-၄၊ ၆-၃၊ ၇-၅ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။



ရာအိုနစ်ဟာ တင်းနစ်လောကမှာ အရပ်မြင့်ပြီး တောင့်တင်းမှုရှိတဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်သလို စပေးဘောအကောင်းဆုံး ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ရာအိုနစ်ဟာ ၂၀၁၆ ခုနှစ်က ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အဲဒီဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးကို ရှုံးနိမ့်ခဲ့၍ပြိုင်ပွဲကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အမျိုးသားတစ်ဦးချင်းချန်ပီယံအဖြစ် ခုနစ်ကြိမ်အထိ အောင်ပွဲခံထားနိုင်ခဲ့တာဖြစ်ပြီး ပြင်သစ်အိုးပင်းပြိုင်ပွဲမှာ တစ်ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ငါးကြိမ်နဲ့ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ သုံးကြိမ် အသီးသီးဗိုလ်စွဲထားတာ ဖြစ်ပါတယ်။

**ငွေကြယ်- ရေးသားသည်။**

# ဂါရတ်ဘေးလ်ကို ခေါ်ယူဖို့ စပါးအသင်း ပြင်ဆင်လျက်ရှိ



စပါးအသင်းဟာ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ ပြန်လည်ခေါ်ယူဖို့ စီစဉ်နေပြီး တိုက်စစ်မှူးဂါရတ်ဘေးလ်ကလည်း အခုနှစ်ထဲမှာ ကုန်ဆုံးမယ့် အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ ရီးယဲလ်မက်ဒရစ်အသင်းကနေ စပါးအသင်းဆီ ပြောင်းရွှေ့လိမ့်မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

စပါးအသင်းနည်းပြ မော်ရင်ဟိုဟာ အခု အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ ကစားသမားသုံးဦးအထိ ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ တံကောက်ကြောနဲ့ ခြေသလုံးဒဏ်ရာတွေ ရရှိထားတာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပွဲစဉ် ၁၅ ပွဲအထိ လွဲချော်ခဲ့ရတာ ဖြစ်ပါတယ်။

နည်းပြမော်ရင်ဟိုဟာ တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာပြဿနာကြုံတွေ့နေတာကြောင့် ရာသီကုန်အထိ အနားယူရမှာဖြစ်တဲ့အတွက် တိုက်စစ်ပိုင်းကို အားဖြည့်ဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်။

စပါးအသင်းဥက္ကဋ္ဌ ဒန်နီယယ်လီဗိုင်းကလည်း ပထမဦးစားပေးခေါ်ယူဖို့ စီစဉ်ထားတဲ့ တိုက်စစ်မှူး ဂါရတ်ဘေးလ်အပါအဝင် ဒေါ့မွန်အသင်းမှ စပိန်ကြယ်ပွင့် အယ်လ်ကာဆာနဲ့ ဂျာမနီကြယ်ပွင့် မာရီယိုဂေါ့ဇီတို့ကို ခေါ်ယူဖို့လည်း စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။

# မာတန်ဖက်ဆိုဗစ်ကို အနိုင်ရပြီး ရော်ဂျာဖက်ဒဲရာ ဩစတြေးလျ အိုးပင်းကွာတားဖိုင်နယ် တက်လှမ်း

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အမျိုးသားတစ်ဦးချင်း ချန်ပီယံဆုကို ခြောက်ကြိမ်မြောက်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့ ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာဟာ မဲလ်ဘုန်းမြို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပြိုင်ဘက် မာတန်ဖက်ဆိုဗစ်ကို အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အသက် ၃၈ နှစ်အရွယ် ဖက်ဒဲရာဟာ ဟန်ဂေရီတင်းနစ်ကစားသမား မာတန်ဖက်ဆိုဗစ်ကို ၄-၆၊ ၆-၁၊ ၆-၂၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်မှာ အမေရိကန်တင်းနစ်ကစားသမား ဆန်ဂရမ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။



တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရာဟာ တင်းနစ်ကစားသမားဘဝတစ်လျှောက်မှာ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းချန်ပီယံဆုကို အကြိမ် ၂၀ အထိ ဆွတ်ခူးထားနိုင်ခဲ့တာဖြစ်ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၀၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်တို့မှာ ခြောက်ကြိမ်၊ ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၂၀၀၉ ခုနှစ်က တစ်ကြိမ်၊ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၉၊ ၂၀၁၂၊ ၂၀၁၇ ခုနှစ်တို့မှာ ရှစ်ကြိမ်၊ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ်တို့မှာ ငါးကြိမ် အသီးသီးဗိုလ်စွဲထားခဲ့တာ ဖြစ်ပါတယ်။

## ❂ ရန်ကုန်နှင့် ရတနာပုံမှ

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်း ပုံစံကောင်းပြသခဲ့ပြီး အဝေးကွင်း အဖိုးတန်သရေတစ်မှတ် ရယူနိုင်ခဲ့သည်။ ပွဲကျပ်ကာလကို ဖြတ်သန်းနေရသည့် ရန်ကုန်အသင်းသည် ပထမဆုံး ခြေချော်ခဲ့ပြီး ရတနာပုံကို သရေသာ ကစားနိုင်ခဲ့သောကြောင့် ထိပ်ဆုံးနေရာကို ဟံသာဝတီအသင်းထံ လွှဲပေးခဲ့ရသည်။

ရန်ကုန်အသင်းသည် ကျော်ဇင်ထက်၊ ထိုက်ထိုက်အောင်၊ အီမန်နျူရယ်၊ မောင်မောင်ဝင်း၊ သန်းပိုင်၊ မောင်မောင်လွင်တို့ဖြင့် ပွဲထွက်ခဲ့သလို ရတနာပုံအသင်းတွင်လည်း အောင်သူမှလွဲ၍ လှိုင်းဘိုဘို၊ ဝင်းနိုင်စိုး၊ မျိုးကိုထွန်း၊ ရဲရင့်အောင်၊ သက်နိုင် စသည့် အမာခံများဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် ရန်ကုန်အသင်းက ပိုဖိကစားနိုင်သော်လည်း တိုက်စစ်ကစားပုံ လိုအပ်ချက်များရှိနေသည့်အပြင် ရတနာပုံအသင်း၏ ခံစစ်ကစားပုံကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ၃၉ မိနစ်တွင် ရန်ကုန်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောမှတစ်ဆင့် အီမန်နျူရယ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် တိုက်စစ်မြင့်လာပြီး ၅၆ မိနစ်တွင် ဇော်ရဲထွန်းက ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး ချေပဂိုး ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၇၄ မိနစ်တွင် ရတနာပုံအသင်း ဦးဆောင်ဂိုးရခဲ့ကာ မျိုးကိုထွန်းက ပြစ်ဒဏ်ဘောကို ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် မထင်မှတ်ဘဲ ဒုတိယဂိုး ထပ်ပေးလိုက်ရသောကြောင့် တိုက်စစ်ပြန်မြင့်လာပြီး ၇၇ မိနစ်တွင် ပင်နယ်တီ ကန်ခွင့်ရခဲ့ပြီး အီမန်နျူရယ်က အမှားအယွင်းမရှိ ကန်သွင်းခဲ့သောကြောင့် ချေပဂိုးပြန်ရကာ နှစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် အစဉ်အလာရှိ အသင်းကြီးနှစ်သင်း၏ ပြိုင်ဆိုင်မှုများကို ပြန်လည်တွေ့မြင်ခဲ့ရသလို နှစ်ဖက်ကစားသမားများ၏ အချင်းများမှုများကိုလည်း တွေ့မြင်ခဲ့ရသည်။

ဝေဿာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက အား/ကာ သိပ္ပံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အိမ်ကွင်း ပထမဆုံးပွဲတွင် ရခိုင်အသင်း ပုံစံကောင်းပြသခဲ့ပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သော်လည်း တန်းတက် အား/ကာသိပ္ပံအသင်းမှာမူ သုံးပွဲဆက် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ရခိုင်အသင်းအတွက် အနိုင်ဂိုးများကို ၄၄ မိနစ်တွင် တည်ငြိမ်မင်းနှင့် ၅၅ မိနစ်တွင် အောင်သန့်ဇော်တို့က သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ဖွဲ့ကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ပွဲပြီးခါနီး ဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးကို ၈၈ မိနစ်တွင် သီဟဇော်က သွင်းယူခဲ့သည်။ ဖွဲ့ကပင်အသင်းမှာလည်း သုံးပွဲဆက်အရှုံးဖြင့် တန်းဆင်းဇုန်ထဲရောက်ရှိနေသည်။

ပွဲစဉ် (၃) အပြီးတွင် ဟံသာဝတီအသင်းက ဂိုးမှတ်ဖြင့် ဇယားထိပ်ဆုံးသို့ ရောက်ရှိလာပြီး ရန်ကုန်နှင့် ဧရာဝတီအသင်းတို့က ခုနစ်မှတ်စီ၊ ရခိုင်နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ၊ ရတနာပုံအသင်းက ငါးမှတ်၊ စစ်ကိုင်းနှင့် မကွေးအသင်းက လေးမှတ်စီ၊ ချင်းယူနိုက်တက်အသင်းက သုံးမှတ်ရထားပြီး Southern၊ အား/ကာသိပ္ပံနှင့် ဖွဲ့ကပင်အသင်းတို့မှာမူ သုံးပွဲစလုံး အရေးနိမ့်ကာ အမှတ်မရသေးပေ။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ်၊ **ဇန်နဝါရီလ ၂၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


HITACHI
Inspire the Next
Hitachi Social Innovation is
POWERING GOOD
We all have the power to do good and work hard to find solutions to the challenges we face. In that same spirit, Hitachi is collaborating with a variety of partners to accelerate Social Innovation by integrating digital technology with our expertise in infrastructure.
Together, let's make our society safer, smarter and healthier.
https://social-innovation.hitachi/
Hitachi Social Innovation
https://social-innovation.hitachi/

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်ကြိုင် (Eddie Thein)

**(စာရေးဆရာချမ်းအေးမောင်)**

**အသက်(၉၁)နှစ်**

**B.Sc (Physics), B.Sc (Eng) (Edin)**

**အကြီးတန်းအင်ဂျင်နီယာ-အမှတ်(၂)သတ္တုတွင်း**

**အမျိုးသားစာပေဆု(သုတစာပေ)တတိယဆုရှင်**

ပြင်ဦးလွင်မြို့နေ (အခွန်ဝန် ဦးသိန်း-ဒေါ်ခင်ပု)တို့၏ သား၊ ရန်ကုန်မြို့နေ (ရန်ကုန်အရေးပိုင် ဦးဘိုးကျေး-ဒေါ်ဒေါ်အုံး)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ ဇီဇဝါဥယျာဉ်၊ အမှတ်(၁၆)နေ ဒေါက်တာဒေါ်လှမြင့်၏ ချစ်လှစွာသောကျေးဇူးရှင်ခင်ပွန်း၊ ဒေါက်တာထွန်းအောင်-ဒေါက်တာမီမီကြိုင်၊ ဦးကျော်လွင်-ဒေါ်ဆွေဆွေကြိုင် (Dhamma Download Family)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ကျော်ဇင်အောင် (Jonathan)၏ အဘိုး၊ ဦးထွန်းအောင်-ဒေါ်မြမြခင်၊ ဦးမောင်အေး-ဒေါ်မြမြစန်း၊ ဦးမောင်မောင်ဟန်၊ ဦးမောင်မောင်အောင်-ဒေါ်စောကြင်အုန်း၊ ဦးအောင်စိန်-ဒေါ်မြမြတင်၊ ဒေါ်မြမြနွဲ့၊ ဦးမောင်မောင်ဆွေ-ဒေါ်တင်တင်နွဲ့၊ ဒေါ်ဝင်းဝင်းသိန်းတို့၏ အစ်ကိုအကြီးဆုံး ဦးမောင်မောင်ကြိုင်သည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅:၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်ကြိုင် (Eddie Thein)

**(စာရေးဆရာချမ်းအေးမောင်)**

**အသက်(၉၁)နှစ်**

**B.Sc (Physics), B.Sc (Eng) (Edin)**

**အကြီးတန်းအင်ဂျင်နီယာ-အမှတ်(၂)သတ္တုတွင်း**

**အမျိုးသားစာပေဆု(သုတစာပေ)တတိယဆုရှင်**

ပြင်ဦးလွင်မြို့နေ (အခွန်ဝန် ဦးသိန်း-ဒေါ်ခင်ပု)တို့၏ သား၊ ရန်ကုန်မြို့နေ (ရန်ကုန်အရေးပိုင် ဦးဘိုးကျေး-ဒေါ်ဒေါ်အုံး)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ ဇီဇဝါဥယျာဉ်၊ အမှတ်(၁၆)နေ ဒေါက်တာဒေါ်လှမြင့်၏ ချစ်လှစွာသောကျေးဇူးရှင်ခင်ပွန်း၊ ဒေါက်တာထွန်းအောင်-ဒေါက်တာမီမီကြိုင်၊ ဦးကျော်လွင်-ဒေါ်ဆွေဆွေကြိုင် (Dhamma Download Family)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကျော်ဇင်အောင်(Jonathan)၏ အဘိုး၊ (ဒေါ်ခင်မြ)၊ [ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)-ဒေါ်ခင်ခင်နွဲ့]၊ (ဒေါ်ခင်ခင်ထား)၊ (ဦးဖုံရှင်-ဒေါ်ခင်ခင်အေး)၊ (ဦးထွန်းမြင့်-ဒေါ်ငွေးကြွယ်)တို့၏မောင် ဦးမောင်မောင်ကြိုင်သည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅:၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငွေကျင်(ခ)ဒေါ်ကျင် (သနပွင်/သန်လျင်)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/B)ရပ်ကွက်၊ ပုလောလမ်း၊ အမှတ်(၂၆၂)နေ (ဦးဘစိန်-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးအေးရွှေ)၏ ဇနီး၊ (ဦးအုန်းတင်)၊ ဒေါ်စန်းမြင့် (ရုံးအုပ်-ငြိမ်း၊ ဆိပ်ကမ်း)တို့၏ မိခင်ကြီး၊ ဦးသိန်းကျော်ဝင်း-ဒေါ်ခင်ညိုညိုတင်(ခ)မတူးတူး၊ ဦးအောင်လွင်စိုး-ဒေါ်ခင်စန္ဒာတင်(ခ)မတိုင်နီ၊ ဒေါ်မာမာခိုင်(ခ)ဒေါ်လီမာ၊ Dr.ခင်ဆွေတင့်(ခ)Dr.နီနီမာ၊ ဦးကျော်ဇေယျ (ခေတ္တ-ဂျာမနီ)၊ ဦးသန်းနိုင်-ဒေါ်ခင်မြတ်သူ (ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောအဘွား၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၁-၂၀၂၀ (စနေနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၂၆၂)၊ ပုလောလမ်း၊ (၁၈/B)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းထွန်း(ခ)ကိုပေါက်

**အသက်(၇၁)နှစ်**

**(အ-ထ-က-၂၊ ကမာရွတ်၊ ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ တိုက်(A/3)၊ဒုတိယထပ်၊ ကမာရွတ်မြို့နယ်နေ (ဦးလှဖေ-ဒေါ်သန်းတင်)တို့၏ သား၊ ဦးလှမြင့် (မြန်မာ့ကုန်တိုက်-ငြိမ်း)-ဒေါ်မြတ်မြတ်မင်း[ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ငြိမ်း)]၊ (ဗိုလ်မှူးကျော်ကြီး)-ဒေါ်မြမြဝင်း၊ ဒေါ်မြင့်မြင့်အေး (ခေတ္တ-ထိုင်ဝမ်)၊ ဦးဝဏ္ဏ-ဒေါ်စိန်စိန်မြင့်၊ (ဦးသန်းထူး)၊ (ဦးမောင်မောင်ငွေး)၊ ဒေါက်တာမောင်မောင်အောင်-ဒေါ်ချိုပြုံးတို့၏ မောင်/ညီ/အစ်ကို၊ ဒေါ်ဖြူဖြူသိန်း(ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန)၏ ခင်ပွန်း၊ Dr.အောင်ဇော်မျိုး၊ မလွင်မာတို့၏မွေးသဖခင်သည် ၂၆-၁-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ရက်တွင် အနော်ရထာအိမ်ရာ၊ တိုက်(A/3) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစောထွန်းလတ် (ခ) ဦးပေါက်စ

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာလမ်း၊ အမှတ် (ည/၁၁)နေ [ဒုတိယဗိုလ်မှူးကြီး ထွန်းကြိုင် (လေ၊ အငြိမ်းစား၊ ရွှေတောင်ချည်မျှင်အထည်စက်ရုံမှူးဟောင်း)-ဒေါ်စောသာ]တို့၏ သားငယ်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦးကျောင်းလမ်းနေ ဦးမောင်မောင် (မင်းသူဟန် သစ်စက်နှင့် ပါကေးလုပ်ငန်း)-(ဒေါ်သိန်းရီ)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးစံတင်-ဒေါ်အမာ)တို့၏ သားသမက်၊ ဒေါ်စောမီမီထွန်း-ဦးသန်းဝင်းဦးတို့၏ အစ်ကို၊ ကိုထွန်းဝင်းထွန်း-မစောပပထွန်း၊ မစောငုဝါထွန်းတို့၏ ချစ်လှစွာသောဖခင်၊ တူမလေးယောက်တို့၏ ချစ်လှစွာသောဦးလေး၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မြင့်မာလာ၏ ချစ်လှစွာသောခင်ပွန်း ဦးစောထွန်းလတ်(ခ)ဦးပေါက်စသည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး (ဦးနှောက်နှင့်အာရုံကြောအထူးကုဌာန)၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

အလ္လာဟ်သျှင်မြတ်

အမိန့်တော်ခံယူခြင်း

## အဗ္ဗဒူရာက်မန်(ခ)

## ဦးအေးဖေ

**အသက်(၇၆)နှစ်**

အမှတ်(၁၆)၊ သိမ်ကုန်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နေ (ဝဏ္ဏကျော်ထင်ဦးဘအေး-ဒေါ်ခတီဇာဘီဘီ(ခ)ဒေါ်ခင်တီ)တို့၏ သား၊(ဟာဂျီဦးအေးမောင်-ဒေါ်ရန်)တို့၏ သားမက်၊ ဟာဝါဘီ(ခ)ဒေါ်လှလှအေး၏ခင်ပွန်း၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းအေး၊ ဦးစိုးကိုကိုထက်-ဒေါ်မင်းမင်းအေး၊ ဦးရဲဇော်အေးတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၅-၁-၂၀၂၀ရက် ည ၁၀:၂၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် အဆွရ်အပြီး သန်လျင်ဒါရ်ဂါ၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက် ကယ်ပါ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောပို (မိုးကောင်းမြို့)

**အသက်(၈၅)နှစ်**

(ဦးဖိုးစိန်-ဒေါ်ဖွားတင်)တို့၏ သား၊ မိုးကောင်းမြို့၊ အလယ်ရပ် (လ/၃၆)နေ ဦးစောပိုသည် ၂၅-၁-၂၀၂၀ (စနေနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၂၀ (တနင်္လာနေ့)တွင် သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းညွန့်

**အသက် (၈၃) နှစ်**

မြင်းခြံမြို့နေ (ဦးတင်အေး-ဒေါ်ချိုချို)တို့၏သမီး၊ နွားထိုးကြီးမြို့နေ (ဦးဘ-ဒေါ်ဖွား)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၃၇)၊ ဝင်္ကဘာလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးညွန့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးဝင်းကြည်-ဒေါ်စိန်လွင်)၊ (ဦးရွှေမြ)-ဒေါ်မြတင်တို့၏ချစ်လှစွာသောညီမ၊ (ဦးသောင်းတင့်)၊ ဦးအောင်မြင့်-ဒေါ်ဖြူဖြူမင်းဟန်၊ ဒေါက်တာကျော်ဇင်မြင့်-ဒေါ်သန်းသန်းအေး၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်သောင်းတို့၏ ချစ်လှစွာသောအစ်မ၊ တူ/တူမ ၁၆ ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ (ဦးထင်အောင်)-ဒေါက်တာမီမီအောင်ခင်တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာသော်ထင်အောင်၏ ချစ်လှစွာသောအဘွားသည် ၂၅-၁-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်ရွှေ (မြန်မာ့လေကြောင်း-ငြိမ်း) (ရွှေကျင်၊ ဒုံစရစ်)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀-မိုင် ငြိမ်းချမ်းရေးလမ်း၊ အမှတ်(၆၃)နေ (ဦးပေါက်စ-ဒေါ်သန်းလှ)တို့၏သား၊ ဒေါ်ရီကြိုင်၏ ခင်ပွန်း၊ ဦးမျိုးမင်းထိုက်-ဒေါ်ခင်ခင်ကြိုင်(MNA)၊ ဦးတင်မိုးအောင်(MNA)-ဒေါ်တင်တင်အေး(MNA)၊ (ဦးနေကျော်)၊ ဦးအောင်မိုး၊ ဦးကျော်ဇင်ထွန်း-ဒေါ်ခင်ချောစု(Han Sein Thant)၊ ဒေါ်သင်းသင်း(GMA)၊ ဦးအောင်သိန်းထွဋ် (Han Sein Thant)တို့၏မွေးသဖခင်ကျေးဇူးရှင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၅.၁.၂၀၂၀(စနေနေ့) ညနေ ၅:၃၇နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇.၁.၂၀၂၀(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၂၀(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်၊ ငြိမ်းချမ်းရေးလမ်း၊ အမှတ်(၆၃)၊ ဒေါ်ရီကြိုင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးညိုထွေး (ဦးကို) (ညိုထွေးစော)

**ဘူမိဗေဒ (၁၉၈၀)**

**ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်**

**မန်နေဂျာ၊ ရွှေဥဒေါင်းကျယ်ခရီးသွားလုပ်ငန်း**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ယခင် လမ်းသစ်ရိပ်သာ၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၈)၊ ယခု အမှတ် (၂၃/B)၊ သုံးလွှာသစ်တောလမ်း၊ အလုံမြို့နယ်နေ ဦးစော (လက်ထောက်ညွှန်မှူး-ငြိမ်း၊စာပေဗိမာန်)-[ဒေါ်ခင်ပု (ကျောင်းအုပ်ဆရာမကြီး၊ အထက-၁၀၊ တာမွေ-ငြိမ်း)]တို့၏ သား၊ ဦးသီဟစော (J.A Internews)-ဒေါ်စန်းစန်းအေး၊ ဦးမြင့်ဦး (ကျောင်းအုပ်ကြီး၊ ပညာအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်သီဂီစော (လက်ထောက်ညွှန်မှူး-ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်ဥမ္မာစော (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးသန့်စင်-ဒေါ်ခင်ဥမ္မာရှိန်၊ ဦးမောင်မောင်စော(တရားရုံးချုပ်ရှေ့နေ)တို့၏ ညီ/မောင်၊ ဒု-ဗိုလ်မှူးကြီးသိန်းတန်(ငြိမ်း)-ဒေါ်မိုးမိုးနိုင်၊ ဦးအောင်ချိန် (ဒု-ညွှန်ချုပ်-ငြိမ်း)-ဒေါ်စန္ဒာစောတို့၏ အစ်ကို၊ တူ/တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၂၃၊ B၊ သစ်တောလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်ထွန်း(ခ)ဦးလှမျိုးဇော်(ခ)ကိုမျိုး

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း(တောင်)ရပ်ကွက်၊ လက်ပန်လမ်း၊ အမှတ်(၂၅)၊ သုံးလွှာ(ယာ)ခန်းနေ (ဦးမောင်မောင်စိန်)-ဒေါ်သန်းသန်း(ငြိမ်း၊ YCDC၊ ရေ/သန့်)တို့၏ သားကြီး၊ (ဦးသောင်းတင့်-ဒေါ်ကျင်)တို့၏ သားသမက်၊ ဒေါ်ဥမ္မာနွယ်(UPG Company)၏ ခင်ပွန်း၊ ဦးဝင်းမော်သိန်း(M&E Engineer)-ဒေါ်အေးခိုင်စိုး (HR Consultant)၊ ဦးအောင်မင်းဦး (အင်ဂျင်နီယာ ရေ/သန့် YCDC)-ဒေါ်ခင်စန္ဒာဝေ (စာရင်းကိုင်၊ ဘတ်ဂျက်ငွေစာရင်း YCDC)တို့၏ အစ်ကို၊ မနေခြည်ထက် [B.A (Eng:) Postgraduate Dip Loma in English UFL]၊ မောင်ဘုန်းပြည့်စုံ(တက္ကသိုလ်ဝင်တန်း)တို့၏ ချစ်လှစွာသောဖခင် ဦးဝင်းနိုင်ထွန်း(ခ)ကိုမျိုးသည် ၂၆-၁-၂၀၂၀ ရက် နံနက် ၅:၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဓမ္မိကမဟာထေရ်

**ကော့မှူးမြို့မ-ပဝါရဏာဂိုဏ်းချုပ်ဂိုဏ်းအုပ်**

**သိက္ခာတော် (၆၀)ဝါ၊ သက်တော် (၈၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့တောရကျောင်းတိုက် ထန်းပင်ချောင်ကျေးရွာ အသောကာရုံကျောင်းတိုက်၊ ဘန့်ဘွေးငူကျေးရွာ၊ ဇောတိကာရုံကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မိက မဟာထေရ်သည် (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်)၊ ၂၃-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၅၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်) ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့)တွင် စံကျောင်းတော်ချ အခမ်းအနားကျင်းပပြီး (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်) ၂၂-၃-၂၀၂၀ (တနင်္ဂနွေနေ့)တွင် အန္တိမဈာပနပွဲ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြညွန့်(ခ)ဒေါ်လုံး

**ဒလ-ပျော်ဘွယ်ကြီး**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်းပိုင်းမြို့နယ်၊ အမှတ်(၃၁၆)၊ သရဖီလမ်း၊ (၁၈/က)ရပ်ကွက်နေ (ဦးစိန်ထွန်း-ဒေါ်စိန်နု)တို့၏ သမီး၊ (ဦးကျော်သောင်း)-ဒေါ်ခင်မေ၊ (ဦးအောင်တင်)-ဒေါ်သန်း၊ ဦးကျော်ဝင်း-ဒေါ်ပိန်၊ (ဦးမြလွင်)-ဒေါ်ဒေါင်းတို့၏ ညီမ/အစ်မ၊ ဦးမြင့်သောင်း-ဒေါ်အေးသန်း၊ ဦးအေးငြိမ်း-ဒေါ်အေးအေးသန်း၊ ဦးတင်ထွန်း-ဒေါ်ရီရီမြင့်၊ ဦးမျိုးကျော်-ဒေါ်တင်တင်ခိုင်၊ ဦးဝင်းနိုင်-ဒေါ်ရီရီလှိုင်၊ ဦးကိုကိုနိုင်-ဒေါ်သီတာ၊ ဦးစိန်ဟန်-ဒေါ်အေးအေးသင်း၊ မမင်းမင်းဟန်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၁ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွား၊ (ဦးကျော်လှိုင်)၏ဇနီး ဒေါ်မြညွန့်(ခ)ဒေါ်လုံးသည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၀၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## အလ်ဟာဂျ်ဦးအောင်ဝင်း (အန်ဆွာရီ)

**(သတင်းထောက်အောင်ဝင်းဖျာပုံ)**

**(တွဲဖက်အမှုဆောင်အတွင်းရေးမှူးချုပ်၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်)**

**အသက် (၇၀)**

ပခုက္ကူမြို့နေ (ဦးစိုးလှ-ဒေါ်ယဉ်)တို့၏ သား၊ ဦးဘိုနီ၏ ညီ၊ ဒေါ်ခင်နွဲ့၏ အစ်ကို၊ ဖျာပုံမြို့နေ (ဦးစံမြိုင်-ဒေါ်ခင်တင့်)တို့၏ သားသမက်၊ ဟာဂျီမ ဒေါ်ခင်မာလာ၏ ချစ်လှစွာသောခင်ပွန်း၊ ကွမ်းခြံကုန်းမြို့နေ [ဟာဂျီ ဦးတွာလစ်-ဒေါ်ဘီဘီ (ခေတ်သစ်မုန့်တိုက်)]တို့၏ ညီ/မောင်၊ ဒေါ်သန်းသန်းဝင်း (ခေတ်သစ်လင်းလက်-မိုဘိုင်း)၊ ဦးတိုးဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်သန်းသန်းမြင့်၊ (ဦးမျိုးဝင်း)-ဒေါ်ဥမ္မာ (အောင်ပြည့်စုံချုပ်ထည်ပင်ရင်း)၊ ဒေါ်တင်တင်ဝင်းတို့၏ ချစ်လှစွာသောဦးလေး၊ မောင်လင်းဟန်အောင်၊ မထက်မြတ်နိုးတို့၏ ချစ်လှစွာသောအဘိုးသည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ဖျာပုံမြို့၊ စန္ဒီမွတ် စလင်မ်ကဗရ်စသန်သို့ ပို့ဆောင် ဒဖနာပြုလုပ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှမြင့်

**အသက်(၆၆)နှစ်**

**အငြိမ်းစား၊ ပုံနှိပ်ကျွမ်းကျင်(၁)၊ PPD**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၇)လမ်း၊ အမှတ်(၃၃၆)၊ ဒုတိယထပ်နေ (ဦးကျော်စိန်-ဒေါ်နှင်းလှိုင်)တို့၏ သား၊ ဦးမျိုးဝင်းထွန်း-ဒေါ်လှလှသင်း၊ ဦးထွန်းလင်းအောင်-ဒေါ်ခင်သီတာငြိမ်း၊ ဦးဇော်ဝင်းမြင့်-ဒေါ်ခိုင်ဇင်အောင်မြင့်၊ မသီရိ (DKSH Co.,Ltd)၊ မောင်သားဗညားဇေယျ-မခင်ခင်ကြီး (DKSH Co.,Ltd)တို့၏ မွေးသဖခင်၊ ဒေါ်ငွေးငွေးလှ၏ ခင်ပွန်းသည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်လှလှငွေး (ဝက်လက်)

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(၃၈)ရပ်ကွက်၊ အမှတ်(၅၆)နေ ဗိုလ်မှူးစိန်ပန်း(ငြိမ်း)၏ ဇနီး၊ ဝက်လက်မြို့၊ ဘောဂဗလရပ်နေ (ဦးဝင်းသိန်း-ဒေါ်တင်မြင့်)တို့၏ သမီး၊ ရေစကြိုမြို့နယ်၊ ရွှေလုံရွာနေ (ဦးဘဆင်-ဒေါ်တင်လှ)တို့၏ သမီးချွေးမ၊ ဦးငွေးဦး-ဒေါ်ရီရီမြင့်တို့၏ ညီမ၊ ဦးငွေးမောင်-ဒေါ်ညိုညိုအောင်၊ ဦးငွေးမြင့်-ဒေါ်မြင့်မြင့်သိန်း၊ ဦးမြင့်အောင်၊ ဒေါ်ဆွေဆွေညွန့်တို့၏ အစ်မ၊ (ကိုဝင်းနိုင်အေး)-မခိုင်ဇင်ပန်းဝေ၊ ကိုရဲမင်းငွေး-မလဲ့လဲ့ထွေး(ကထိက၊ ဒီဂရီကောလိပ်-ရန်ကုန်)တို့၏မိခင်၊ မောင်အောင်ကောင်းဆက်၊ မနှင်းချယ်ရီမင်းတို့၏ဘွားဘွား ဒေါ်လှလှငွေး(မြို့နယ်စာရင်းစစ်မှူး-ငြိမ်း)သည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုငွေးဝင်း (၅၈)နှစ်

**ဗဟိုစံပြငါးဈေး (D-42) ကြည့်မြင်တိုင်မြို့နယ်**

ရန်ကုန်မြို့၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ (၁၃၇/၃၄၃)၊ အခန်း (၁၀၅/အေ)နှင့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်နေ (ဦးတင်အောင်- ဒေါ်စိန်ကြည်)တို့၏ သား၊ (ဦးတွတ်)-ဒေါ်ဝင်းတို့၏ သားသမက်၊ ဒေါ်တင်မာလွင်၏ ခင်ပွန်း၊ ကိုသိန်းဇော်ဦး၊ မဂျူလိုင်ဦး၊ ကိုမင်းမင်း၊ မလှလှထွေး၊ မအိဇာကြည်၊ မောင်ဝဏ္ဏကျော်တို့၏ဖခင်သည် ၂၅-၁-၂၀၂၀ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၂၀ (သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ရောမြေတွင် နိုင်ငံဖွံ့ဖြိုးအလှတိုးမည့် မြစ်ကူးတံတားသုံးစင်း တည်ဆောက်လျက်ရှိ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ သွားလာဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန်အတွက် တောင်တွေ့လျှင် လမ်းဖောက်၊ မြစ်တွေ့လျှင် တံတားများတည်ဆောက်ပေးလျက်ရှိရာ မော်လမြိုင်ကျွန်း-ပုသိမ် အဝေးပြေးခရီးစဉ်တွင် အရေးပါသော မြစ်ကူးတံတားသုံးစင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂) ညောင်ဦးက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။



ကျွန်းပြဿဒ်မြစ်ကူးတံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

### တည်ဆောက်

မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတားကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်တည်ဆောက်လျက်ရှိသည်။ မြစ်ကူးတံတားအရှည် ပေ ၂၄၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိပြီး ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄၀ ရှိသည်။ ပင်မတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

# ရန်ကုန်နှင့် ရတနာပုံ သရေကျကာ ရောဝတီနှင့် ရခိုင် နိုင်ပွဲဆက်

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် ရတနာပုံ သရေကျပြီး ရောဝတီနှင့် ရခိုင်အသင်းတို့ နှစ်ပွဲဆက် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂



ရန်ကုန်တိုက်စစ်မှူး သန်းပိုင် ရတနာပုံနောက်ခံလူများကြားမှ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

## ထူးခြားသည့် ညအပူချိန်များ

၂၆-၁-၂၀၂၀

| | | |
|---|---|---|
| ဟားခါး | -၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | -၁ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | -၁ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | သုည | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၁ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၁ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၁ | ဒီဂရီစင်တီဂရိတ် |

## ကြေးမုံ ယနေ့ဖတ်စရာ

အီရန်ဒုံးကျည်တိုက်ခိုက်ခဲ့မှု အမေရိကန်တပ်သား ဒဏ်ရာရသူ အရေအတွက် ထုတ်ပြန်
စာမျက်နှာ » ၁၂

၂၀၂၀ ပြည့်နှစ်အလွန် ပြောင်းလဲလာမည့် မြန်မာနှင့် ကမ္ဘာ့ပညာရေး စနစ်များအကြောင်း ဟောပြောပွဲကျင်းပ
စာမျက်နှာ » ၁၉

လက်ရှိ ဩစတြေးလျအိုးပင်းတင်းနစ်ချန်ပီယံ ဂျိုကိုဗစ် ဩစတြေးလျအိုးပင်းကွာတားဖိုင်နယ် (၁၁) ကြိမ်မြောက် တက်လှမ်း
စာမျက်နှာ » ၂၀

